ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့ (13-2-2015) (၈၁၁၅)

ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးများ အောင်မြင်စေဖို့အတွက် နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှုတို့ကို အလေးထားဆောင်ရွက်ရမယ့် အချိန်ကာလဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့တွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုချက်လက်မှတ်ရေးထိုးနိုင်ခြင်းသည် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းတွင် တစ်ခါမျှရရှိခဲ့ဖူးခြင်းမရှိသော အောင်မြင်မှုမှတ်တိုင်ကို စိုက်ထူနိုင်ခြင်းဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရာ ရှေးဦးစွာ နိုင်ငံရေးပါတီများမှ အကြီးအကဲများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ယနေ့ မိမိတို့တိုင်းပြည်အတွက် အလိုအပ်ဆုံးမှာ ပြည်တွင်းငြိမ်းချမ်းရေးပင်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ဆန္ဒ၊ လိုလားတောင့်တမှုမှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်ကို အားလုံးလက်ခံကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပြီး ရရှိလာသည့် အဖြေများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးမှုအရ အဘက်ဘက်က ချို့ယွင်းချက်ရှိနေသည့် နိုင်ငံတွင် အမြင်သဘောထားများ၊ ရပ်တည်ချက်များ အမျိုးမျိုးရှိကြပါကြောင်း။

အခက်အခဲများ၊ စိန်ခေါ်မှုများ အမျိုးမျိုးရှိသော်လည်း ငြိမ်းချမ်းရေးရလိုသည့် သဘောထားမှာ အဖွဲ့အစည်းအသီးသီးတွင် ရှိနေသည့် တူညီသည့်အချက်ဖြစ်သောကြောင့် ရိုးသားဖြောင့်မှန်မှု၊ ယုံကြည်မှုများဖြင့် ကျော်လွှားရမည်

ငြိမ်းချမ်းရေးရလိုသည့် သဘောထားမှာ အဖွဲ့အစည်းအသီးသီးတွင် ရှိနေသည့် တူညီသည့်အချက်ဖြစ်သောကြောင့် ရိုးသားဖြောင့်မှန်မှု၊ ယုံကြည်မှုများဖြင့် ကျော်လွှားရမည်

ဖြစ်ပါကြောင်း၊ နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာသည့် လမ်းစဉ်အပေါ်တွင် အခြေခံရမည်ဖြစ်သည့်အတွက် ရေရှည်ခရီးဆက်ရမည့် ခရီးစဉ်ဖြစ်သည်ကို အားလုံးသဘောတူ လက်ခံထားကြပြီးဖြစ်ပါကြောင်း၊ သို့သော် လေးနှစ်တာကာလရှိလာပြီဖြစ်သည့်အတွက် မိဘပြည်သူများ၏ ယုံကြည်မှုနှင့် ပြည်သူများ၏ မျှော်လင့်ချက်များ မဆုံးရှုံးစေရန် မိမိတို့အားလုံးက လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ယနေ့ ပြည်ထောင်စုနေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးနိုင်ရန် ကြိုးစားခဲ့ကြပါကြောင်း၊ လက်မှတ်ရေးထိုးနိုင်ရန် ကြိုးစားခဲ့သော်လည်း အကြောင်းကြောင်းကြောင့် လက်မှတ်ရေးထိုးနိုင်ခြင်း မရှိခဲ့သော်လည်း ပြည်သူများ၏ မျှော်လင့်ချက်မဆုံးရှုံးရအောင် နိုင်ငံရေးဆွေးနွေးပွဲများကို မဖြစ်မနေလုပ်မည်ဆိုသည့် ကတိကဝတ်တစ်ခုကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယနေ့တွင် ငြိမ်းချမ်းရေးနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့

ယနေ့ မာတိကာ

(၆၈)နှစ်မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပ — စာမျက်နှာ - ၅

မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သော ဗိုလ်ချုပ်အောင်ဆန်း — စာမျက်နှာ - ၆၊ ၇

လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေး တပ်မတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိ — စာမျက်နှာ - ၁၂

ကြေးမုံစာတည်းရှေ့ထောင့် ၁၃-၂-၂၀၁၅၊ သောကြာနေ့

ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားချက်ကို လိုက်နာ

ယနေ့သည် ဖေဖော်ဝါရီလ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ဖြစ်သည်။ ထိုနေ့ကိုပင် မြန်မာနိုင်ငံကလေးများနေ့အဖြစ် နိုင်ငံတော်အဆင့် သတ်မှတ်ထားသည်။ ကလေးများသည် နိုင်ငံ၏အနာဂတ် သားကောင်းရတနာများဖြစ်ကြသည်။ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မွေးဖွားခဲ့သော မောင်အောင်ဆန်းသည် တိုင်းပြည်၏ အမျိုးသားခေါင်းဆောင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းအား ကလေးငယ်များအားလုံး သတိတရအတုယူအားကျမိစေရန် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကိုပင် မြန်မာနိုင်ငံကလေးများနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးထားခြင်းသည် အနာဂတ်သားကောင်းရတနာလေးများ ပေါ်ထွန်းလာစေလိုသည့် ထူးခြားသော ရည်ရွယ်ချက်ပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့မတိုင်ခင်တစ်ရက်သည် မြန်မာတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ထုတ်ဖော်ပြသနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ဖြစ်သည်။ ပြည်ထောင်စုနေ့ကို မြန်မာပြည်တစ်ဝန်း နှစ်စဉ်ကျင်းပခဲ့သည်မှာ (၆၈)နှစ် တိုင်ခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုနေ့အပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ကျင်းပကြခြင်းသည် ထူးခြားသည့် အသွင်ကို ဆောင်ပေသည်။

ယခု ၂၀၁၅ ခုနှစ်သည် မြန်မာနိုင်ငံအတွက် ထူးခြားသော နှစ်တစ်နှစ်ဟု ခေါ်ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နေ့ကြီးရက်ကြီးများအနက် နှစ်ဦးအစ လွတ်လပ်ရေးနေ့ကို မြန်မာ့သမိုင်းတွင် ထူးထူးကဲကဲ ကျင်းပနိုင်ခဲ့သည်။ ယခု ပြည်ထောင်စုနေ့ကိုလည်း နိုင်ငံတစ်ဝန်းတွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ပြီး တစ်ဆက်တည်း ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ယခင်နှစ်များနှင့်မတူ တစ်တိုင်းတစ်ပြည်လုံး မြို့လုံးကျွတ်မျှ ကျင်းပကြသည်မှာ သမိုင်းတွင်လောက်သည်ဟု ရှုမြင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းဟုဆိုလျှင် တစ်နိုင်ငံလုံးသိရှိကြပြီးဖြစ်သော်လည်း ယခုနှစ်တွင်မူ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ထူးထူးခြားခြား ကျင်းပနိုင်သောကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ လုပ်ဆောင်ချက်၊ ဖွဲ့သတ္တိ၊ စွန့်လွှတ်စွန့်စားပုံ၊ ထူးခြားထက်မြက်ပုံ၊ ကိုယ်ကျင့်တရားကောင်းပုံ၊ တိုင်းပြည်နှင့်လူမျိုးအတွက် အနစ်နာခံဆောင်ရွက်ပုံတို့ကို ကျယ်ကျယ်ပြန့်ပြန့် ပို၍သိရှိလာကြမည်ဟု ယုံကြည်ပါသည်။

ထိုသို့ သိရှိကြသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို လေးစား၊ ဂုဏ်ယူ၊ ချစ်ခင်မြတ်နိုး၊ တန်ဖိုးထားသော စိတ်ဓာတ်များ တိုးပွားလာပါမည်။ ထိုသို့ တိုးပွားလာခြင်းနှင့်အတူ ဗိုလ်ချုပ်၏စွမ်းဆောင်မှုများကို အတုယူအားကျစေနိုင်သည်။ ဗိုလ်ချုပ်၏ စွမ်းဆောင်ရည်မြောက်မြားစွာအနက် အချို့ကို လိုက်နာဆောင်ရွက်သွားနိုင်မည်ဆိုလျှင် ဗိုလ်ချုပ်မွေးနေ့ကျင်းပရခြင်း၏ အနှစ်သာရကို ရောက်မည်ဖြစ်သည်။

ထိုသို့ မဟုတ်မူဘဲ ဗိုလ်ချုပ်၏ စွမ်းဆောင်ချက်များ၊ မိန့်မှာချက်အတိုင်း မဟုတ်ဘဲ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး လုပ်ကြပါလျှင် ဗိုလ်ချုပ်ကို အမှန်တကယ်ချစ်ရာ၊ အမှန်တကယ်မြတ်နိုးရာ၊ အမှန်တကယ်ဂုဏ်ပြုရာ ရောက်မည်မဟုတ်ချေ။ ဗိုလ်ချုပ်ကို အမှန်တကယ်ချစ်မြတ်နိုးလျှင် ဗိုလ်ချုပ်၏ မိန့်မှာချက်များအတိုင်း လိုက်နာကြရမည်ဖြစ်သည်။ ဗိုလ်ချုပ်၏ ချမှတ်ထားသော လမ်းစဉ်များအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာချက်များအနက် လက်ရှိအချိန်ကာလနှင့် ဆီလျော်ကိုက်ညီသော အချက်များစွာရှိနေပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မှာကြားချက်များအနက် ရန်ကုန်မြို့ မြို့တော်ခန်းမတွင် နောက်ဆုံးမိန့်ကြားခဲ့သည့် "ယခုတိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ကိစ္စ၊ ဆူဆူပူပူဖြစ်နေတဲ့ ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား၊ အကျိုးမရှိဘူးလားဆိုတာ ခင်ဗျားတို့ ထပ်စဉ်းစားဖို့လိုတယ်။ ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့ လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမျှ အားပေးဖို့မလိုဘူး။ တိုင်းသူပြည်သားညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုးတိုးပြီး လုပ်ကြဖို့လိုတယ်" ဟူသည့် မိန့်ခွန်းပါအချက်ကို လိုက်နာကြလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းပြည်ကို အမှန်တကယ် ချစ်ရာရောက်မည်ဖြစ်ပါသည်။ ။

ပြည်ထောင်စုနေ့အခမ်းအနားများ ကျင်းပ

ချောင်းဦး

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ပြည်သူ့အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းကကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက ဖတ်ကြားသည်။

မြို့နယ် (ပြန်/ဆက်)

ဗဟန်း

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာကို ဗဟန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းစိန်က ဖတ်ကြားသည်။

သန္တာမေ(IPRD)

ညောင်ရွှေ

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာန၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက ဖတ်ကြားသည်။

(နေမျိုးသူရိန်)

မှော်ဘီ

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စည်ပင်သာယာရေးပန်းခြံအတွင်း ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက ဖတ်ကြားသည်။

မြို့နယ် (ပြန်/ဆက်)

မုံရွာ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်း၌ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ဖတ်ကြားသည်။

ဖိုးချမ်း(မုံရွာ)

ဝန်းသို

ကသာခရိုင် ဝန်းသိုမြို့နယ်တွင် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးက ဖတ်ကြားသည်။

မြို့နယ် (ပြန်/ဆက်)

မင်္ဂလာတောင်ညွန့်

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၃) ကျောင်းဝင်းအတွင်း ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးမြတ်ကိုထွေးက ဖတ်ကြားသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှပေးပို့သည့် သဝဏ်လွှာကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက ဖတ်ကြားသည်။

ကိုကြီးစိုး(ဆိပ်ကမ်း)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

သဲကုန်း ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့ သဖန်းချို အုပ်စု ဘုန်းတော်ကြီးကျောင်းတွင် ဖေဖော်ဝါရီ ၁၁ ရက်က သဲကုန်းမြို့နယ် လျှပ်စစ်မှူးနှင့် ဝန်ထမ်းများသည် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။

ထို့နောက် သဲကုန်းမြို့ အားကစားရပ်ကွက်၊ ဆရာအတတ်သင်ရပ်ကွက်နှင့် ထွန်းညွန့်ညွန့်လမ်းတို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် System Improvement လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ 400 V ဓာတ်အားလိုင်း ပေ ၇၂၀၀ တိုးချဲ့တည်ဆောက်ခြင်းတွင် ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်၍ လုပ်ငန်းပြီးစီးပါက အိမ်ထောင်စု ၃၅၀ ခန့် ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၇၉၇)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံရာ ရှေးဦးစွာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့သည် မိမိတို့ တိုင်းရင်းသားအားလုံးအတွက် လွန်ခဲ့သည့် နှစ်ပေါင်း(၆၀)ကျော်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကြောင့် ရရှိခဲ့သည့် အဖိုးအနဂ္ဃထိုက်တန်သော လွတ်လပ်ရေးကို ဖော်ညွှန်းပြသည့်၊ ငြိမ်းချမ်းရေးဟူသည့် တန်ဖိုးကြီးမားလှသော ရတနာကိုရရှိရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များ၏စည်းလုံးညီညွတ်မှုမှာ အရေးကြီးကြောင်းကို ဖော်ညွှန်းပြသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရလက်ထက်တွင် စတင်ကြိုးပမ်းခဲ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်သည် နိုင်ငံရေးအာမခံချက်ရှိသည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် တဖြည်းဖြည်းအကောင်အထည်ပေါ်လာပြီဆိုသည်ကို မည်သူမျှငြင်းဆို၍မရသည့် အမှန်တရားဖြစ်ပါကြောင်း။

ယခင်က ရန်သူကဲ့သို့ သဘောထားခဲ့ကြသည့် မိမိတို့သည် ယနေ့တွင် ညီရင်းအစ်ကိုမခြား တစ်သားတည်း ယခုကဲ့သို့ တွေ့ဆုံနိုင်ခြင်းသည် ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ကို သက်သေပြနေသည့် နိုင်ငံရေးအာမခံချက်တစ်ခုဖြစ်ပါကြောင်း၊ သို့သော်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန် ကြန့်ကြာနေခြင်းသည် ငြိမ်းချမ်းရေးကိုလိုလားသည့် ပြည်သူများအတွက် စိုးရိမ်ပူပန်မှု၊ သံသယဖြစ်မှုများ ပျောက်ကွယ်သွားစေရန်အတွက် ယုံကြည်မှုတစ်ခုခုကို တည်ဆောက်ပေးကြရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားအားလုံးသက်ဆိုင်သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန် အကြောင်းကြောင်းကြောင့် ကြန့်ကြာနေခြင်းအပေါ် ပြည်သူများစိုးရိမ်ပူပန်မှုမရှိစေရန်နှင့် မျှော်လင့်ချက်ပျက်ပြယ်မသွားစေရန်အတွက် ကတိကဝတ်တစ်ခုကို ပြည်သူများအား ပေးကြရမည်ဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်နှင့် နိုင်ငံရေးဆွေးနွေးပွဲကို အထောက်အကူပြုစေမည့် ကတိကဝတ်တစ်ခုကို လက်မှတ်ရေးထိုးကြရန်အတွက် မနေ့တစ်နေ့က တိုင်းရင်းသားအဖွဲ့အစည်းအချို့၏ ခေါင်းဆောင်များက တိုက်တွန်းခဲ့သည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်စွာလက်ခံခဲ့ပါကြောင်း၊ မိမိကဲ့သို့ ယခုတက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များနှင့် အားလုံးကလည်း လိုလားကြမည်ဟု မျှော်လင့်ပါကြောင်း၊ ယင်းကတိကဝတ်တစ်ခုမှာ မိမိတို့ လက်တွဲကြိုးပမ်းဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အားဖြစ်စေသည်ဟု မိမိသဘောထားကို ပြောကြားလိုပါကြောင်း၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးသော်လည်း ကတိကဝတ်သည် ပြည်သူများ၏ ငြိမ်းချမ်းရေးမျှော်လင့်ချက်ကို ဆက်လက်ရှင်သန်နေစေမည်ဟု ပြောကြားလိုပါကြောင်း၊ သို့ဖြစ်၍ ယခုကတိကဝတ်ကို တိုင်းရင်းသားခေါင်းဆောင်များက ယုံယုံကြည်ကြည်ဖြင့် လက်မှတ်ရေးထိုးကြရန် တိုက်တွန်းလိုပါကြောင်း၊ ကတိကဝတ်သည် စာချုပ်မဟုတ်ဘဲ လေးနက်သည့် ကတိဝန်ခံချက်သာဖြစ်ပါကြောင်း၊ မကြာမီတွင်လည်း လာမည့် နိုင်ငံရေး ဆွေးနွေးပွဲများ၌ နိုင်ငံရေးအဖွဲ့အစည်းများသည် မိမိတို့၏မိတ်ဖက်၊ နိုင်ငံရေးဆွေးနွေးဖက်များ ဖြစ်လာမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ ကြုံကြိုက်ခဲ့သည့် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်တွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကတိပြုချက်ကို လက်မှတ်ရေးထိုးနိုင်ခြင်းသည် မိမိတို့အတွက် သမိုင်းမှတ်တိုင်ဖြစ်ပြီး ယင်းကို အမိအရဆုပ်ကိုင်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည်တပ်မတော်၊ 'ဝ'ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် အထူးဒေသ-၂၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်တို့က ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ သဘောထားအမြင်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးတည်ဆောက်နေမှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ သဘောထားများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ငြိမ်းချမ်းရေးကိုလိုလားကြသည်ဖြစ်ရာ ပြည်ထောင်စုနေ့တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ပြည်သူများသို့ မျှော်လင့်ချက်များပေးခဲ့ပါကြောင်း၊ ထိုသို့ လက်မှတ်ရေးထိုးနိုင်ရန်အတွက် အချို့အဖွဲ့အစည်းများအနေဖြင့် ခက်ခက်ခဲခဲကြိုးစားခဲ့ကြပါကြောင်း၊ အစိုးရသက်တမ်းကာလ လေးနှစ်သို့ရောက်ရှိပြီဖြစ်သည့်အတွက် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး ငြိမ်းချမ်းရေးတံခါးကိုဖွင့်လှစ်ရန် လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်သည် တစ်နေ့တစ်ရက်တည်းဖြင့် မပြီးနိုင်ဘဲ ခရီးရှည်သွားရမည့်ကိစ္စဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ယနေ့လက်မှတ်ရေးထိုးနိုင်ရေးအတွက် အားလုံးက သဘောတူကြသော်လည်း အချို့အဖွဲ့များ၏ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ပြန်လည်ညှိနှိုင်းရန်ရှိသည်ဟု ဆွေးနွေးမှုအပေါ် နားလည်ပါကြောင်း၊ ယခုလက်မှတ်ရေးထိုးရန်ကိစ္စသည် သဘောတူညီချက်သဘောမျိုးမဟုတ်ဘဲ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လေးနက်မှုရှိစေသည့် သဘောသာဖြစ်ပြီး ပြည်သူသို့ အသိပေးလိုခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်၍ အများဆန္ဒနှင့်အညီ ဆက်လက်ညှိနှိုင်းလုပ်ဆောင်သွားနိုင်ရေး အမြန်ပြီးမြောက်အောင် ဆောင်ရွက်စေလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဒုတိယရှေ့နေချုပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၃)ဖွဲ့မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စာအုပ် စာပေ လှူမိတ်ဆွေ

နယ်ခရီးစရိတ်ရှိလျှင် တင်ပြတောင်းခံနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ပထမအသုတ် လူတွေ့စာမေးပွဲဖြေဆိုသူများသည် လူတွေ့စာမေးပွဲဖြေဆိုရန် နယ်မှ ရန်ကုန်မြို့သို့ လာရောက်သော ခရီးစရိတ်အတွက် မိမိဖြေဆိုသော စာစစ်ဌာနတက္ကသိုလ်ရှိ ငွေစာရင်းဌာနတွင် ၂၀-၂-၂၀၁၅ ရက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းပြသကာ ယာဉ်စီးလက်မှတ်မူရင်းကို တင်ပြပေးအပ်လျက် အသွားအပြန်ယာဉ်စီးခကို ပြန်လည်ထုတ်ယူနိုင်သည်။

(ပညာရေး)

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ညစ်ခံပွဲနှင့် ညစာစားပွဲကျင်းပ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ညစ်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာ ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များ၊ နိုင်ငံရေး ပါတီများမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ရေးရာဝန်ကြီးများနှင့် ပြည်ထောင်စု နေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် တက်ရောက်လာကြသူများအား ညစာဖြင့်တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း နှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နှင့်ဇနီး ဒေါ်ခင်ပြုံး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး များ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထား သူများ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်း သူများနှင့် တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက် ကြသည်။

ညစာစားပွဲအပြီးတွင် တက်ရောက် လာကြသူများအား မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံ၌ ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှု အဖွဲ့များက တိုင်းရင်းသားရိုးရာအက ပဒေသာများဖြင့် ဖျော်ဖြေတင်ဆက် ကြသည်။

ဖျော်ဖြေတင်ဆက်မှုအစီအစဉ် အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ ကြသည်။

(သတင်းစဉ်)

နိုင်ငံရေးဆွေးနွေးပွဲများအတွက် ငြိမ်းချမ်းရေးတံခါး

မြန်မာ့သတင်းစဉ်

ပင်လုံစာချုပ်ကို အခြေခံပြီး လွတ်လပ်ရေးရရှိခဲ့သော မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်ပြည်ထောင်စုနေ့တွင် ဒုတိယအကြိမ်မော်ကွန်းတင်နေ့အဖြစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်စာချုပ်ကို ရေးထိုး နိုင်မည်ဟု မျှော်မှန်းလုပ်ဆောင်ခဲ့ကြသည်။ ယခုအခါ ထိုသို့လက်မှတ်ရေးထိုးနိုင် ခြင်းမရှိသေးသော်လည်း တွေ့ဆုံညှိနှိုင်းမှုများမှ ကတိကဝတ်ပြုလက်မှတ်ရေးထိုး နိုင်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးပွဲများအတွက် ငြိမ်းချမ်းရေးတံခါးဖွင့်နိုင်ရန် ရှေ့သို့ တစ်လှမ်း တက်နိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ ကြိုးစားဆောင်ရွက်ခဲ့ကြသည့် နိုင်ငံရေး အသိုင်းအဝိုင်းအသီးသီးမှ ဆွေးနွေးပွဲတက်ရောက်ခဲ့ကြသူများ၏ ပြောကြားချက် များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

ဦးစိုင်းအိုက်ပေါင်း(သစ်တော/သတ္တုဝန်ကြီး)
ရှမ်းပြည်နယ်အစိုးရအဖွဲ့

လက်နက်ကိုင် ပဋိပက္ခမဖြစ်ချင်ရင် ဖက်ဒရယ်ပြည်ထောင်စုပုံစံသွားမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက်ရော ဖက်ဒရယ်ဖွဲ့စည်း ပုံအတွက်ရော လမ်းစပွင့်သွားပြီလို့တော့ ပြောလို့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ကတော့ နှစ်ဖက်စလုံး လက်ခံနိုင်တဲ့ပုံစံရအောင် မြန်မြန်ဆွေးနွေးပြီး အပစ် အခတ်ရပ်စဲရေးကို မြန်မြန်လုပ်၊ နိုင်ငံရေးဆွေးနွေးပွဲတွေ ပြုလုပ်ရပါမယ်။ နိုင်ငံရေးဆွေးနွေးပွဲအတွက် ပါတီ ၅၆ ပါတီက မူကြမ်းဆွဲထားပြီးသားပါ။ သဘောလည်း တူပါတယ်။ NLD တို့ USDP တို့နဲ့ ပေါင်းပြီးတော့ နည်းနည်းပဲ ညှိစရာလိုပါတော့တယ်။ ပုံစံလည်းထွက်ထားပြီးသားပါ။

ဦးဇော်အေးမောင်(ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး)
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ဒီနေ့အခမ်းအနားလေးကတော့ တော်တော်ကောင်းတဲ့ အခမ်းအနားလေး ပါ။ အောင်လည်း အောင်မြင်ပါတယ်။ မြန်မာနိုင်ငံမှာ လက်နက်ကိုင်တော်လှန်ခဲ့ လို့ နှစ်ပေါင်း (၆၀)ကျော် ဘာအဖြေမှ မထွက်ဘူး။ တပ်မတော်ဘက်ကလည်း ကျဆုံးတဲ့သူတွေ အများကြီး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကလည်း အများကြီးသေဆုံးခဲ့ပါတယ်။ အဖြေထွက်လားဆိုတော့လည်း မဖြေမထွက်ဘူး။ ဒီနေ့ နိုင်ငံရေး ယဉ်ကျေးမှုအရ လက်နက်ကိုင်ဖြေရှင်းတာ ခေတ်မမီတော့ပါဘူး။ စားပွဲပေါ်မှာ win-win solution အရ ဆွေးနွေးနေကြတဲ့ ခေတ်ဖြစ်နေပြီ။ လက်နက်ကိုင်ဆွေးနွေးနေကြတဲ့ နိုင်ငံတွေဟာ ဆင်းရဲကုန်ကြပြီ။ စစ်ဖြစ်နေတဲ့ နိုင်ငံတွေကတော့ အဆိုးဆုံးပေါ့။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ မူဝါဒပိုင်းဆိုင်ရာ ပဋိပက္ခဆိုတာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ မရှိတော့ဘူး။ အားလုံးက ဒီမိုကရေစီကိုပဲ လိုလားကြတယ်။ ဒါ့ကြောင့် ရည်ရွယ်ချက်တူတဲ့အတွက် စားပွဲဝိုင်းပေါ်မှာ ဆွေးနွေးလို့မရနိုင်တာ မရှိပါဘူး။ ဒီနေ့ပွဲမှာ ကတိကဝတ်ကို လက်မှတ်ထိုးကြတယ်။ မထိုးနိုင်တဲ့အဖွဲ့တွေက mandate မပါလာလို့ ပြန်တိုင် ပင်မယ်၊ ပြန်ထိုးမယ်။ ဒီနေ့ နိုင်ငံရေးယဉ်ကျေးမှုက အမျိုးသားအကျိုးစီးပွားကို ဦးစားပေးတဲ့ခေတ်ဖြစ်သွားပြီ။

ဒေါ်ဂျာတောင်
ကချင်ပြည်နယ်ဒီမိုကရေစီပါတီ

အခုလို အစည်းအဝေးမှာ တက်ရောက်ရတဲ့အတွက် ဗဟုသုတအများကြီးရ ပါတယ်။ ဒီနေ့လက်မှတ်ရေးထိုးတာမှာလည်း အန်တီတို့ အဖွဲ့အစည်းရဲ့ ခံယူ ချက်တွေ ဆန္ဒတွေနဲ့တူညီတဲ့အတွက် သဘောတူပါတယ်။ NCT အတွက် လည်း ရွေးကောက်ပွဲပြီးမှဆိုတာမျိုးလို ဒီနေ့ဆွေးနွေးနေကြတာရှိပါတယ်။ ဒါပေမယ့် အန်တီတို့ကတော့ ပြည်သူလူထုအားလုံးရဲ့ တညီတညွတ်တည်း ဆန္ဒကသာ အဓိကပေါ့။ ပြည်သူတွေ စိုးရိမ်သလို၊ ခံစားရသလို အန်တီ တို့လည်း ထပ်တူထပ်မျှခံစားရပါတယ်။ ပြည်သူတွေ မျှော်လင့်နေတဲ့အတိုင်း၊ ဆန္ဒအတိုင်းလည်း တစ်နေ့ဖြစ်လာမယ်လို့လည်း ယုံကြည်ပါတယ်။

ဦးစောချစ်သန်း (တွဲဖက်အတွင်းရေးမှူး)
ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ

ဒီနေ့ပွဲကတော့ တကယ်စိတ်ချမ်းသာတဲ့ပွဲလို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့ ပါတီအနေနဲ့ လက်ခံပါတယ်။ ကတိကဝတ်လက်မှတ်လည်း ထိုးပါတယ်။ မထိုးဖြစ်တဲ့ ပါတီတွေကလည်း သူတို့အမြင် အတွေးနဲ့တော့ မထိုးဖြစ်တဲ့ ပါတီတွေလည်းရှိပါတယ်။ ကတိထားတဲ့ အချက်တွေထဲမှာတော့ အဟန့်အတားဖြစ်စရာ တစ်ချက်မှ မတွေ့ပါဘူး။ ကျွန်တော်တို့ အမြင်ကတော့ မဖြစ်မနေ အခြေခံက စလုပ်ရတာဖြစ်လို့ သဘောတူတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုး နိုင်ဖို့က အားလုံးပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို မျှော်လင့်နေကြတဲ့ ပြည်သူတွေကတော့ သိပ်အားရမယ်လို့ မထင်သေးပါဘူး။

စာမျက်နှာ ၁၁ သို့

“တွေ့ဆုံညှိနှိုင်းမှုများမှ ကတိကဝတ်ပြု လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နိုင်ငံရေး ဆွေးနွေးပွဲများအတွက် ငြိမ်းချမ်းရေးတံခါး ဖွင့်နိုင်ရန် ရှေ့သို့တစ်လှမ်း တက်နိုင်ခဲ့ပြီဖြစ်။”

ဦးဇော်အေးမောင်
(ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး)
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။

နန့်ခင်အေးဦး
ကရင်ပြည်သူ့ပါတီအဖွဲ့ဝင်။

ဦးလှမောင်ရွှေ(အကြံပေး)
မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေးလုပ်ငန်းဗဟိုဌာန။

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲ ဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်ရေး၊ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး၊ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက်အတူတကွပူးပေါင်းနေထိုင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၁၅ ခုနှစ် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

နံနက် ၅ နာရီမှစတင်၍ အခမ်းအနားသို့ တက်ရောက်ကြမည့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားတိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် စုရပ်အသီးသီးမှ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် နံနက် ၅ နာရီခွဲတွင် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို စတင်ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်စုက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား လွှင့်တင်ပေးသည်။

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို နံနက် ၇ နာရီတွင်ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ယင်းနောက် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမဥပစာရင်ပြင်သို့ ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၃၂၀ ဦး တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြစဉ်။ (သတင်းစဉ်)

မောင်တက္ကသိုလ်၊ မယ်တက္ကသိုလ်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ရှိ တက္ကသိုလ်ကောလိပ်ပေါင်းစုံ မောင်တက္ကသိုလ်၊မယ်တက္ကသိုလ်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာမြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက္ကသိုလ်ကောလိပ် ၁၄ ခုတို့မှ မောင်တက္ကသိုလ်ပြိုင်ပွဲတွင် ၂၄ ဦး၊ မယ်တက္ကသိုလ်တွင် ၂၁ ဦးနှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ၁၉ ဦးတို့ပဏာမယှဉ်ပြိုင်ကြပြီး ယင်းအနက် ၁၀ ဦးစီကို ဆန်ခါတင်ရွေးချယ်သည်။

ယင်းနောက် ပြိုင်ပွဲကို ကျင်းပရာ မောင်တက္ကသိုလ်ပြိုင်ပွဲ၌ ပထမ နေဆန်းလင်း(အရှေ့ပိုင်းတက္ကသိုလ်)၊ဒုတိယ ဟိန်းဇော်လင်း (ပုသိမ်တက္ကသိုလ်)နှင့် တတိယ ကျော်ဇောလင်း (မြိတ်တက္ကသိုလ်)တို့က လည်းကောင်း၊ မယ်တက္ကသိုလ်ပြိုင်ပွဲတွင် ပထမ နန္ဒာဝင်းလတ် (ရန်ကုန်တက္ကသိုလ်)၊ ဒုတိယ အိဆက်မွန်(တောင်ငူတက္ကသိုလ်)နှင့်တတိယ ယမင်းဆု (ရန်ကုန်ပညာရေးတက္ကသိုလ်)တို့က လည်းကောင်း၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမဆွေဆွေအောင်(ထားဝယ်တက္ကသိုလ်)၊ဒုတိယ နန်းသိမ့်သိမ့်စိုးသိန်း (ဘားအံတက္ကသိုလ်)နှင့်တတိယမိရင်စနိုင်း (မော်လမြိုင်တက္ကသိုလ်)တို့က လည်းကောင်း ရရှိကြသည်။ဆုရရှိကြသူများအား တာဝန်ရှိသူတို့က ဆုများချီးမြှင့်ခဲ့ကြသည်။

"ကာယကြံ့ခိုင်မှု ပွဲအတွက်ရော၊ မယ်တက္ကသိုလ်ပွဲအတွက်ရော ဆေးစစ်ကြရပါတယ်၊ တက္ကသိုလ်ဆေးရုံက ဆေးအမှတ်ရော၊ ဒိုင်တွေရဲ့အကဲဖြတ်အမှတ်ရော၊ ဉာဏ်ရည်ဉာဏ်သွေး မေးခွန်းအမှတ်ရော အဲဒီ ၃ ခုပေါင်းပြီးတော့ မယ်တက္ကသိုလ်ကို ရွေးချယ်တာပါ။ ဒီနှစ်မှ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ စတင်ကျင်းပတာဖြစ်တယ်။ ကျောင်းသူတွေက သိပ်မပြိုင်ချင်ကြဘူး။ မြန်မာ့ယဉ်ကျေးမှုနဲ့ အံမဝင်ဘူးလို့ ထင်နေကြတယ်။ ဒါကြောင့် တော်တော်စည်းရုံးယူရတယ်"ဟု ပြိုင်ပွဲကျင်းပရေးအတွင်းရေးမှူး ရန်ကုန်ပညာရေးတက္ကသိုလ် ရူပဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်ခင်မူစိုးက ပြောကြားသည်။

"ရန်ကုန်တက္ကသိုလ်ကိုယ်စားပြုအနေနဲ့ လာရောက်ယှဉ်ပြိုင်တာပါ။ မိဘတွေကလည်း ဆုတစ်ခုခုရစေချင်တယ်။ ဒီပြိုင်ပွဲမှာ မယ်တက္ကသိုလ်ရသွားခဲ့ရင် အခြားပြိုင်ပွဲတွေမှာလည်း ဆက်ပြိုင်သွားမယ်လို့ မျှော်လင့်ထားတယ်။ အကောင်းဆုံးလည်း ကြိုးစားထားပါတယ်"ဟု ရန်ကုန်တက္ကသိုလ် ဒုတိယနှစ် စိတ်ပညာကျောင်းသူ နန္ဒာဝင်းလတ်က ပြောကြားသည်။

(ခင်ချိုဝင်း)

ကျွန်းစုမြို့နယ်တွင် လိပ်ကြီးတစ်ကောင်ဖမ်းမိ

ကျွန်းစု ဖေဖော်ဝါရီ ၁၂

ကျွန်းစုမြို့နယ်သည် ကျွန်းများဖြင့်ဖွဲ့စည်းထားသော မြို့နယ်ဖြစ်သည်နှင့်အညီ ရေလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းအလုပ် အများအပြားလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ငါးဖမ်းစက်လှေတစ်စင်းမှ လိပ်ကြီးတစ်ကောင်ကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါလိပ်ကြီးအား ကျွန်းစုမြို့နယ်အမှတ်(၂)ရပ်ကွက်နေ မောင်ပိုင်သန်းက ငါးဖမ်းပိုက်ချထားစဉ် လိပ်ကြီးတစ်ကောင်ကို ပိုက်အတွင်းမိခဲ့ရာ လှေသားများက တစ်နာရီခန့်ကြာအောင် ဖမ်းခဲ့ရကြောင်း၊ လိပ်ကြီးသည် အလျား လေးပေ၊ အနံသုံးပေခန့်နှင့် အလေးချိန် ပိဿာ ၄၀ ခန့်ရှိကြောင်း လှေသားတစ်ဦးက ပြောသည်။ **(အောက်ပုံ)**

ယင်းငါးဖမ်းစက်လှေမှ ရေလုပ်သားများက အဆိုပါရေငန်လိပ်ကြီးသည် ဆက်လက်ကြီးထွားနိုင်သေးသဖြင့် ထိန်းသိမ်းထားရှိရန် တနင်္သာရီရေတပ်စခန်းဌာနချုပ် အဏ္ဏဝါပြတိုက်တွင် ပြသနိုင်ရေးအတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

(ကျွန်းစု ပြန်/ဆက်)

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ဗိုလ်ချုပ် အလောင်းအလျာ အောင်ဆန်းလေးကို နတ်မောက်မြို့၌ မွေးဖွားခဲ့သည်။ အခြားသူများကဲ့သို့ပင် သာမန် မွေးဖွားခဲ့သော်လည်း ဤကလေးသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၏ လိုအပ်ချက်အရ ပေါ်ပေါက်လာသော အမျိုးသားခေါင်းဆောင်တာဝန်ကို ထမ်းဆောင်မည့်သူ ဖြစ်သည်။

တောက်မည့်မီးခဲတရဲရဲဆိုသည့်အတိုင်း အောင်ဆန်းသည် ငယ်စဉ်ကတည်းက အမှန်တရားကိုကြိုက်သည်။ မတရားတာ မကြိုက်၊ လိမ်ညာတာ မကြိုက်။ တစ်ခုခုလုပ်လျှင် အောင်မြင်သည်အထိ မလျှော့သောဇွဲသတ္တိနှင့် ဆောင်ရွက်တတ်သည်။ ကျောင်းသားအရွယ်တွင် စာတော်သည်။ စာကြိုးစားသည်။ သတ္တမတန်းမှာ အစိုးရပညာတော်သင်ဆုနှင့် ဦးစိန်ခိုဆုရခဲ့သည်။ ဆယ်တန်းကို မြန်မာစာဂုဏ်ထူး၊ ပါဠိဘာသာဂုဏ်ထူးတို့နှင့် အောင်မြင်သည်။ ကျောင်းသားအရွယ် လူငယ်တို့အတွက် စံပြုအတုယူစရာဖြစ်သည်။ တက္ကသိုလ်သို့ရောက်သည်နှင့် နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများကို ထဲထဲဝင်ဝင် စတင်ဆောင်ရွက်လေတော့သည်။

မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သော ဗိုလ်ချုပ်အောင်ဆန်း

ငယ်တွင်းသား စာချစ်

ဗိုလ်ချုပ်သည် မျိုးရိုးအစဉ်အလာအရလည်း နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ကြီးမားသူဖြစ်သည်။ ဗိုလ်ချုပ်၏အဘိုး မြို့လုလင်သူကြီး ရွှေလရောင်ခေါ် ဗိုလ်မင်းရောင်သည် နယ်ချဲ့တို့ကို ရှပ်ရှပ်ချွံချွံ တော်လှန်သောကြောင့် နယ်ချဲ့တို့က ရက်ရက်စက်စက်ခေါင်းဖြတ်သတ်ခဲ့ကြသည်။ နယ်ချဲ့တို့၏ ရည်ရွယ်ချက်မှာ နောက်ထပ် တော်လှန်သူမပေါ်ပေါက်အောင် အကြောက်တရားဖြင့် ခြောက်လှန့်ခြင်းဖြစ်၏။ သို့သော် မင်းကြီး ဗိုလ်မင်းရောင်၏မြေးသည် မကြောက်ရုံသာမက ထိုသို့ခြောက်လှန့်သည့် အတွက်ပင် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ထား ပို၍ကြီးမားခဲ့ရသည်။

ထို့ကြောင့် ဗိုလ်ချုပ်ကသူ့အကြောင်းသူရေးသော အတ္ထုပ္ပတ္တိတွင် "ဖေဖော်ဝါရီ ၁၃ ရက်ကို နာမည်ကျော် နက္ခတ် ဗေဒင်ဆရာကြီး ကိရို့ဇ်ဟောပြောချက်အရဆိုလျှင် တိုင်းပြည်တစ်ပြည်၏ အစိုးရမင်းတို့ကို ဖြုတ်ချနိုင်စွမ်းသူများ မွေးတတ်သောနေ့ဟု ဟောထားလေသည်။ ထိုနေ့မွေးသော ကျွန်တော်မှာ သူပုန်လောင်းလေး ဖြစ်မည်ဟု မည်သူမျှထူးထူးခြားခြားမထင်ခဲ့ကြချေ" ဟု ရေးထားပါသည်။

ဗိုလ်ချုပ်သည် သူ့ကိုယ်သူ နယ်ချဲ့တို့ကိုဆန့်ကျင်တော်လှန်မည့် သူပုန်လောင်းအဖြစ် ကျေနပ်စွာ ခံယူထားသူဖြစ်သည်။

တက္ကသိုလ်တွင် အိုးဝေမဂ္ဂဇင်း အယ်ဒီတာလုပ်နေစဉ် ငရဲခွေးကြီးလွတ်နေပြီ ဆောင်းပါးရေးသူအမည်ကို တက္ကသိုလ်အာဏာပိုင်များက ကိုအောင်ဆန်းကို ဖော်ထုတ်ခိုင်းသည်။ ကိုအောင်ဆန်းက ထုတ်ဖော်မပြော၍ ကျောင်းထုတ်ခံရသည်။ ထိုဆောင်းပါးကိစ္စနှင့်ပတ်သက်၍ ကိုအောင်ဆန်းကျောင်းထုတ်ခံရခြင်းနှင့် သမဂ္ဂဥက္ကဋ္ဌ ကိုနုကို ကျောင်းထုတ်ခံရခြင်းတို့ကြောင့် ၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားသပိတ်ကြီးသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့လေသည်။

ကိုအောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်၍ မြန်မာတစ်နိုင်ငံလုံးမှ ကျောင်းသားများ နယ်ချဲ့ဆန့်ကျင်ရေးစိတ်နိုးကြားအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ကိုအောင်ဆန်းသည် လူပုံက မှုံတေတေနှင့် အပြောဆိုးသူဖြစ်သော်လည်း တစ်ကိုယ်ကောင်းမဆန်ခြင်း၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ခြင်း၊ ပင်ကိုစိတ်ထား ကောင်းမွန်ခြင်းတို့ကြောင့် တက္ကသိုလ်ကျောင်းသားအားလုံး၏ ချစ်ခင်လေးစားခြင်းကိုခံရသော ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်သည်။

နိုင်ငံတာဝန်များကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် ကျောင်းသားသမဂ္ဂမှ နုတ်ထွက်ပြီး ၁၉၃၈ ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံးတွင် အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံတကာတာဝန်များကို အဆင့်ဆင့်မြင့်တက် တာဝန်ထမ်းလာခဲ့သည်။ စကားပြောပွဲတစ်ခုတွင် သခင်အောင်ဆန်းပြောခဲ့ဖူးသောစကားရှိသည်။ **"သမိုင်းကို သင်တာ လေ့လာတာ သိရုံအတွက်မဟုတ်၊ သမိုင်းကိုဖန်တီးနိုင်ဖို့ဖြစ်သည်"**ဟူ၏။ သခင်အောင်ဆန်းသည် မြန်မာ့သမိုင်းကို လွတ်လပ်သော မြန်မာနိုင်ငံဖြစ်အောင် ကြိုးပမ်းနေလေပြီ။ သခင်အောင်ဆန်းသည် မြန်မာနိုင်ငံ၏လွတ်လပ်ရေးဗိသုကာကြီးလည်းဖြစ်၏။

အင်္ဂလိပ်နယ်ချဲ့ကို နိုင်ငံရေးနည်းနှင့် တောင်းဆိုနေရုံမျှဖြင့် လွတ်လပ်ရေးမရနိုင်၊ လက်နက်ကိုင်စွဲပြီးတော်လှန်မှရမည်ဟု သခင်အောင်ဆန်း သုံးသပ်မိလာသည်။ နိုင်ငံခြားအဆက်အသွယ်ရှာသည်။ လွယ်လွယ်တော့မရ။ စွန့်စွန့်စားစားတိုင်းပြည်မှ ထွက်ခွာရသည်။ တရုတ်လိုရုပ်ဖျက်ထားသောသခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ နော်ဝေပိုင်သင်္ဘောဖြင့် တရုတ်ပြည်တောင်ဘက်ကမ်းခြေ အမွိုင်မြို့သို့ ရောက်သည်။

စာမျက်နှာ ၇ သို့ »»

»» စာမျက်နှာ ၆ မှ

အမွိုင်မြို့မှတစ်ဆင့် ဂျပန်နှင့်အဆက်အသွယ်ရပြီး တိုကျိုမြို့သို့ ရောက်သည်။ ဂျပန်နိုင်ငံတွင် ရဲဘော်သုံးကျိပ်ကို ခေါင်းဆောင်ပြီး စစ်ပညာသင်သည်။

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(B.I.A)ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗိုလ်မှူးကြီး စူဇူကီး(ဗိုလ်မိုးကြိုး)နှင့် စစ်ဦးစီးမှူး ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း) တို့ ခေါင်းဆောင်ပြီး ဗန်ကောက်မြို့မှ မြန်မာနိုင်ငံသို့ ထွက်ခွာသည်။ ၁၉၄၂ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်သည်။

၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်(B.D.A)ဟု ပြောင်းလဲဖွဲ့စည်းသည်။ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်စစ်သေနာပတိချုပ်အဖြစ် ခန့်အပ်ခံရသည်။ ဗိုလ်ချုပ်သည် တပ်မတော်ကို စတင်သန္ဓေတည်စေသူ၊ စတင်ဖွဲ့စည်းခေါင်းဆောင်ခဲ့သူ ဖြစ်၍ တပ်မတော်၏ဖခင်ဟုလည်း ခေါ်ဆိုကြပါသည်။

ဂျပန်စစ်တပ်များနှင့်ပူးပေါင်း၍ ဗမာ့တပ်မတော်သည် အင်္ဂလိပ်နယ်ချဲ့ကို တွန်းလှန်တိုက်ထုတ်ခဲ့သည်။ အင်္ဂလိပ်တို့မြန်မာနိုင်ငံမှ ဆုတ်ခွာကြရ၏။ သို့သော် မင်းသားခေါင်းဆောင်းထားသော ဖက်ဆစ်ဂျပန်သည် လွတ်လပ်ရေးအတုအယောင်သာပေးပြီး မတရားနှိပ်စက်ညှဉ်းပန်းမှုများပြုလာသည်။ နောက်လာသည့်မောင်ပုလဲ ဒိုင်းဝန်ထက်ကဲသော ဖက်ဆစ်တို့ကို ဗိုလ်ချုပ်ခေါင်းဆောင်သော ဗမာ့တပ်မတော်က ပြန်လည်တိုက်ထုတ်ကြရပြန်သည်။

အင်္ဂလိပ်နယ်ချဲ့က မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာပြန်သည်။ နယ်ချဲ့ကို ဆန့်ကျင်တော်လှန်၍ လွတ်လပ်ရေးရအောင် တိုက်ပွဲဝင်ရပြန်သည်။

ဗိုလ်ချုပ်သည် အင်္ဂလိပ်ကို ချစ်ခြင်း၊ မုန်းခြင်း မရှိသကဲ့သို့ ဂျပန်ကိုလည်း ချစ်ခြင်း၊ မုန်းခြင်းမရှိပါ။ မြန်မာနိုင်ငံနှင့် မြန်လူမျိုးကိုသာချစ်၍ မြန်မာ့လွတ်လပ်ရေးအတွက်ဆိုလျှင် ရန်သူဖြစ်သည့် ဂျပန်ကိုလည်း တိုက်မည်။ အင်္ဂလိပ်ကိုလည်း တိုက်မည်။

ထို့ကြောင့် မျိုးချစ်ခေါင်းဆောင်ပီသသော ဗိုလ်ချုပ်အောင်ဆန်းကို ဂျပန်ကလည်း သဘောကျသည်။ အင်္ဂလိပ်ကလည်း သဘောကျသည်။

မြန်မာပြည်သို့ ပထမဆုံးရောက်လာသော ဂျပန်စစ်သေနာပတိချုပ် အီဒါက **"အောင်ဆန်းသည် ငွေလည်းမမက်၊ အာဏာလည်းမမက် တစ်ကိုယ်ကောင်းလည်းမကြံ၊ ဒါကြောင့် ကျုပ်တို့ဂျပန်တွေ လေးစားသည်"**ဟု ပြောခဲ့သည်။

စူဇူကီး ခေါ် ဗိုလ်မိုးကြိုးကလည်း **"အောင်ဆန်းသည် အကြွင်းမဲ့ရိုးသားသည်။ သူသည် သတ္တိ၊ ဗျတ္တိနှင့်ပြည့်စုံသောစစ်ခေါင်းဆောင်ဖြစ်သည်။ မျိုးချစ်စိတ်ကလည်း ပြင်းထန်သည်။ ထို့ကြောင့်ငါတို့ဂျပန်များက သူ့ကိုရိုသေလေးစားသည်"**ဟု ဝန်ခံခဲ့၏။

အင်္ဂလိပ်စစ်ဗိုလ် ဖီးလ်မာရှယ် ဆလင်းကလည်း **"ကျွန်ုပ်တို့သည် အောင်ဆန်းကို လေးစားမိသည်။ သူသည်ကိုယ်ကျိုးရှာ တာဝန်မဲ့သော ခေါင်းဆောင်မဟုတ်၊ မျိုးချစ်ပုဂ္ဂိုလ်အစစ် ဖြစ်သည်။ စိတ်ကူးယဉ်သမား မဟုတ်၊ လက်တွေ့သမားဖြစ်သည်။ သူသည် အလွန်ရိုးသားသည်။ ပေးသောကတိ တည်သည်။ ကျွန်ုပ်သည် အောင်ဆန်းနှင့်အတူ အလုပ်လုပ်၍ဖြစ်သည်"**ဟု ဖော်ပြခဲ့သည်။

စစ်ပြိုင်တိုက်နေကြသော အင်္ဂလိပ်နှင့် ဂျပန် စစ်ဗိုလ်ချုပ်များကပင် ချစ်ခင်လေးစားသော ဗိုလ်ချုပ်ကို မြန်မာတစ်နိုင်ငံလုံးက ချစ်ခင်လေးစားကြသည်မှာ ဘာမျှအံ့သြစရာမရှိပါ။ ဗိုလ်ချုပ်ခေါင်းဆောင်သည့်နောက်မှာ မြန်မာတစ်နိုင်ငံလုံး၊ လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် လိုက်ပါနေကြပြီ။ ထို့ကြောင့် တိုင်းရင်းသားများ ပါဝင်စုစည်းလက်မှတ်ရေးထိုးသော ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်နိုင်ခဲ့သည်။

ဗိုလ်ချုပ်၏ ရဲရဲတောက်မိန့်ခွန်းများစွာကို တစ်နိုင်ငံလုံး လက်ခုပ်သြဘာပေးနေကြပြီး တစ်မျိုးသားလုံးချစ်သော အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်ကို နိုင်ငံတကာကပါ လေးစားလာကြသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဘိလပ်သို့သွား၍ လွတ်လပ်ရေးစကားဆိုပြီး အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်နိုင်ခဲ့ပြီ။ တစ်နှစ်အတွင်း လွတ်လပ်ရေးရရန် လက်တစ်ကမ်းသာ လိုတော့သည်။ ထိုအချိန်တွင် ပန်းတိုင်ကို လှမ်းမြင်နေရကာမှ လှေလှော်ရင်းတက်ကျိုးသော အဖြစ်ဆိုးနှင့်ကြုံရသည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည်။

တစ်နိုင်ငံလုံး၊ ကြိမ်မီးအုံးသို့ ပူဆွေးငိုကြွေးကြရသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ အသက်ပေးတောင်းဆိုခဲ့ကြသော လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရရှိခဲ့ပါသည်။ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုရင်း ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြရသည်။

ဗိုလ်ချုပ်သည် နိုင်ငံတော်အတွက် ကြီးမားစွာအလုပ်အကျွေးပြုခဲ့သော်လည်း သူရယူသွားခဲ့သည်မှာ နည်းပါးလွန်းလှသည်။ ကျွန်တော်တက္ကသိုလ်လူရည်ချွန်ဘဝတွင် ပြတိုက်လုပ်ထားသော ဗိုလ်ချုပ်အိမ်ကို လေ့လာရေးသွားရသည်။ နိုင်ငံခေါင်းဆောင် စစ်သေနာပတိချုပ်၊ ဗိုလ်ချုပ်၏အိမ်မှာ ပိုင်ဆိုင်မှုအသုံးအဆောင်ပစ္စည်း နည်းပါးလွန်းလှသည်။ မှန်ဗီရိုထဲတွင် ဗိုလ်ချုပ်၏ဝတ်စုံလေးသုံးစုံကို တွေ့ရသည်။

"ဒီရွှေတောင်ပိုးလုံချည်လေးကို ဗိုလ်ချုပ်သိပ်နှစ်သက်တယ်။ ပွဲလမ်းသွားစရာရှိတိုင်း ဝတ်လေ့ရှိတယ်"ဟု ပြတိုက်တာဝန်ရှိသူက ပိုးလုံချည်လေးကိုပြ၍ပြောသည်။

"ဒီပိုးလုံချည်မဝတ်ရင် ဒီ့ပြင်ပိုးလုံချည်ရောရှိသေးလို့လား" ဟု လူရည်ချွန်တစ်ယောက်က မေးသည်။

"မရှိပါဘူး"

ကျွန်တော်တို့လူရည်ချွန်များ စိတ်မကောင်းခြင်းနှင့်အတူ ဗိုလ်ချုပ်ကို ကြည်ညိုမဆုံး လေးစားမဆုံး ဖြစ်ကြရသည်။

လူငယ်များအားလုံး စံပြုအတုယူရသော ဗိုလ်ချုပ်ဖြစ်သည်။ နိုင်ငံသူနိုင်ငံသားအားလုံး ချစ်ခင်လေးစားဂုဏ်ယူကြရသော ဗိုလ်ချုပ်ဖြစ်သည်။ မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သော ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပါ၏။ ။

☆ ☆ ☆ ☆ ☆

ပြည်တွင်းရေးရာ

● **ရွှေဖုံးမှ**

အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိကဝတ်တစ်ခုကို လက်မှတ်ရေးထိုးနိုင်ကြရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ပါကြောင်း၊ အားလုံးကလည်း ပြည်သူများ၏ မျှော်လင့်ချက်မဆုံးရှုံးစေကြလိုပါကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်များအနေဖြင့် အားလုံးကဝိုင်းဝန်းပြီး ထောက်ခံပေးကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်သူများလိုလားကြသည့် ငြိမ်းချမ်းရေးကိုရရှိအောင် စိတ်ကောင်း စေတနာမှန်များဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အစီအစဉ်အထိ ရောက်ရှိသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိရရှိထားသည့် အခြေအနေမှသည် တကယ့်ငြိမ်းချမ်းရေးပန်းတိုင်ရောက်ရှိအောင် မိမိတို့ညီအစ်ကိုမောင်နှမ တိုင်းရင်းသားအားလုံး ဆက်လက်လုပ်ဆောင်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားလိုပါကြောင်း။

ငြိမ်းချမ်းရေးလိုလားမှုနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် မိမိတို့လွှတ်တော်က ထောက်ခံအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူစွာပင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေသော အပြောအဆို၊ အပြုအမူများနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေသော အပြောအဆို၊ အပြုအမူမျိုးကို မိမိတို့ လွှတ်တော်၊ ပြည်သူ့ကိုယ်စားလှယ်များက လက်ခံလိုသည့် သဘောမရှိပါကြောင်း။

ယနေ့ တွေ့ဆုံပွဲမှတစ်ဆင့် မိမိတို့ တကယ်လိုလားသည့် ငြိမ်းချမ်းရေးရရှိစေရန်အတွက် အဖွဲ့အစည်းများ၊ ညီအစ်ကိုမောင်နှမများအနေဖြင့် နိုင်ငံတော်သမ္မတ၏ ဦးဆောင်မှုတွင် ပါဝင်ပေးကြစေလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အလားတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ အယူဝါဒကွဲပြားမှုကြောင့်တစ်ကြောင်း၊ ပြည်တွင်းစစ်ကြောင့်တစ်ကြောင်း တိုင်းပြည်နစ်နာခဲ့ရသည်ကို တွေ့ရပါကြောင်း။

ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အင်တိုက်အားတိုက် ကြိုးစားနေခြင်းဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးလမ်းကြောင်းဖြင့် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ကြာရှည်သည့်ပဋိပက္ခများ ရှိနေခြင်းသည် မသင့်တော်သည့် အနေအထားဖြစ်သည့်အတွက် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်ကြီးများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများမှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပထမနေ့ ဆွေးနွေးခဲ့ကြသည့်အချက်များကိုကြည့်လျှင် ငြိမ်းချမ်းရေးကိုလိုလားပြီး ငြိမ်းချမ်းရေးရရှိရေး ကြိုးပမ်းချက်များကို အသိအမှတ်ပြုသည်ကို တွေ့ရှိရသည့်အတွက် တူညီသည့် ဆန္ဒရှိသည်ကို သိရှိရပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးတံခါးပေါက်ဖွင့်နိုင်မှ နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးနိုင်ရေး တာဝန်ရှိသူအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်နှင့် နိုင်ငံရေးဆွေးနွေးပွဲများကို အထောက်အကူပြုစေမည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် (Deed of Commitment for Peace and National Reconciliation) ကို လက်မှတ်ရေးထိုးရန်အတွက် ဆွေးနွေးခဲ့ကြပြီး ထိုငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရေးရာဝန်ကြီးများက ကန့်ကွက်သူမရှိ ထောက်ခံဆွေးနွေးခဲ့ကြသည်။

အဆိုပါ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီး(၁၄)ဦး၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့အပါအဝင် လွှတ်တော်ကိုယ်စားပြု(၅)ဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကိုယ်စားပြု(၃)ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကရင်အမျိုးသားအစည်းအရုံး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်၊ တိုင်းရင်းသားရေးရာဝန်ကြီး(၂၉)ဦး၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်(၅၅)ဦးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ကတိပြုချက်ပါအချက်အလက်များကို လက်ခံသော်လည်း သက်ဆိုင်ရာအဖွဲ့အစည်းအတွင်း ပြန်လည်ဆွေးနွေးအတည်ပြုပြီးမှသာ ဆက်လက်ပါဝင်လက်မှတ်ရေးထိုးသွားကြမည်ဖြစ်သည်။

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ယခုကဲ့သို့ ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို **စာမျက်နှာ ၉ သို့ ✻**

ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်

ဤငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကတိပြုချက်ကို လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ အောက်ပါကတိပြုချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုကြပါသည်။

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လက်ရှိဖြစ်ထွန်းနေသော ငြိမ်းချမ်းရေးဖြစ်စဉ်ကိုမူတည်၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုလျက် ပင်လုံစိတ်ဓာတ်နှင့်အညီ နိုင်ငံသားအားလုံး၏ လွတ်လပ်မှု၊ အမျိုးသားတန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ ပါဝင်သည့်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။

(၂) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသည် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရေးတွင် အဓိကကျသည့်ကိစ္စဖြစ်သည့်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ် (NCA-Nationwide Ceasefire Agreement) ကို အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေး ဦးစွာဆောင်ရွက်ရန်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်နိုင်ရေးအတွက် စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်မည့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် ထူထောင်ပြီး ပါဝင်သင့်၊ ပါဝင်ထိုက်သူများအားလုံးပါဝင်ခွင့်ရှိသည့် နိုင်ငံရေးဆွေးနွေးပွဲများကို အလျင်အမြန် ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။

(၄) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် (NCA-Nationwide Ceasefire Agreement) အပြီးသတ်လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို အမြန်ဆုံးရေးဆွဲခြင်းနှင့် သဘောတူညီသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့်အညီ ပဏာမနိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲများမတိုင်မီ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။

(၅) ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် လုပ်ငန်းစဉ်များကာလအတွင်း ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သည့် ပစ်ခတ်တိုက်ခိုက်မှုများမဖြစ်ပွားစေရန် နှစ်ဖက်တပ်များထိတွေ့မှုများကို ရှောင်ရှားနိုင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေမည့် အရေးယူဆောင်ရွက်ခြင်းများ မပြုလုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။

ဤငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုချက်ကို လက်မှတ်ရေးထိုးကြသူအားလုံးသည် နိုင်ငံသားအားလုံးလိုလားလျက်ရှိသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖော်ဆောင်နိုင်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ် အောင်မြင်ရေးကို မဆုတ်မနစ် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားရန် ကတိသစ္စာပြုကြပါသည်။

နေပြည်တော်
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်







စာမျက်နှာ ၉ သို့ ❖

ပြည်တွင်းရေးရာ

✳ စာမျက်နှာ ၈ မှ

လက်မှတ်ရေးထိုးနိုင်ခြင်းသည် မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံး စုံညီစွာဖြင့် ငြိမ်းချမ်းရေးအပေါ်တွင်ထားရှိသည့် စိတ်ရင်းစေတနာမှန်နှင့် ဆန္ဒပြင်းပြမှုကို ခိုင်မာစွာသက်သေပြနိုင်ခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်သွားကြရန်ဟူသည့် နိုင်ငံရေးအာမခံချက်ကို သဘောတူနိုင်ခဲ့သည့်အတွက် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် သမိုင်းတစ်လျှောက်တွင် တစ်ကြိမ်တစ်ခါမျှ ရရှိခဲ့ဖူးခြင်းမရှိသော အောင်မြင်မှုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယရွှေ့နေချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များနှင့် နိုင်ငံရေးပါတီ (၆၂)ပါတီမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

(သတင်းစဉ်)

❖ စာမျက်နှာ ၈ မှ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပြည်တွင်းရေးရာ

■ စာမျက်နှာ ၉ မှ

(သတင်းစဉ်)

❐ စာမျက်နှာ ၄ မှ

ပဒိုစောကွယ်ထူးဝင်း (အထွေထွေအတွင်းရေးမှူး)
ကရင်အမျိုးသားအစည်းအရုံး

တိုက်ပွဲဆိုတာတော့ တစ်ဖက်ကပစ်ပြီး တစ်ဖက်က ပြန်မတိုက်ရင် တိုက်ပွဲဆိုတာ မဖြစ်ပါဘူး။ ဒီပဋိပက္ခတွေကြောင့် ပြည်သူတွေ စိုးရိမ်ရတာက နှစ်ပေါင်း ၆၀ ကျော်ပါပြီ။ အခုလည်း စိုးရိမ်နေတုန်းပဲ။ ကျွန်တော်တို့ အားလုံးကလည်း တတ်နိုင်တဲ့နည်းလမ်းနဲ့ လုံးဝ အပစ်အခတ်ရပ်စဲဖို့ကို ကြိုးစားနေတာပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်တယ်ဆိုတာ စစ်တိုက်တာထက် ပိုပြီးတော့ ခက်ပါတယ်။ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးရတဲ့အထိ ဆက်ပြီးတော့ ကြိုးစားသွားမယ်။ ပူးပေါင်းဆောင်ရွက်သွားမယ်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေကိုဆက်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုတဲ့ ကတိကဝတ်ပြုတာဖြစ်ပါတယ်။ အခုရောက်မှ တင်ပြဆွေးနွေးတာဖြစ်တဲ့အတွက် ဆုံးဖြတ်တဲ့အခက်အခဲရှိတာကြောင့်လည်း အကုန်လုံး ပါဝင်လက်မှတ်မရေးထိုးနိုင်တာလည်း ဖြစ်မယ်ထင်ပါတယ်။ ဒီမှာတင်ပြမယ့် အချက်အလက်တွေကို သူတို့မငြင်းပယ်ပါဘူး။ အကုန်လုံး လက်ခံပါတယ်။ ဒါပေမယ့် လက်မှတ်ထိုးဖို့ အဖွဲ့အစည်းရဲ့ ဆုံးဖြတ်ချက်မရလို့ မထိုးကြတာဖြစ်ပါတယ်။ ညှိနှိုင်းလို့ရလို့ အကုန်လုံးသဘောတူတယ်ဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ထိုးနိုင်ဖို့က မခက်ခဲပါဘူး။

နန့်ခင်အေးဦး
ကရင်ပြည်သူ့ပါတီ အဖွဲ့ဝင်

ကျွန်မတို့ တိုင်းရင်းသားတွေအတွက်ရော လက်နက်ကိုင်တွေ အပါအဝင် အစိုးရအတွက်ပါ အဆင်ပြေတယ်လို့ ထင်တဲ့အတွက် ပါဝင်လက်မှတ်ရေးထိုးဖြစ်ခဲ့တာဖြစ်ပါတယ်။ တချို့က သူတို့ခေါင်းဆောင်တွေ ပါမလာကြလို့ ခေါင်းဆောင်တွေရဲ့ သဘောထားကို မသိတဲ့အတွက် လက်မှတ်မထိုးကြတာလို့ ထင်ပါတယ်။ ကတိကဝတ်ဆိုတာကတော့ ပေးပြီးရင် အစိုးရမှာရော၊ လက်နက်ကိုင်အဖွဲ့အစည်းတွေမှာပါ တာဝန်ရှိပါတယ်။ ပြည်သူအများစုက စစ်မှန်တဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ဖြစ်စေချင်ကြတယ်။ ကျွန်မအမြင်ကတော့ နှစ်ဖက်စလုံး တစ်ဖက်နဲ့တစ်ဖက် စစ်မှန်တဲ့ယုံကြည်မှု တည်ဆောက်ရမယ်။ အချက်အလက်တွေကို ညှိနှိုင်းတဲ့အခါမှာလည်း လိုတိုးပိုလျှော့ဆိုသလို တစ်ဖက်နဲ့တစ်ဖက် နည်းနည်းစီလျှော့ပြီး ညှိနှိုင်းကြမယ်၊ တကယ်စိတ်စေတနာမှန်မှန်နဲ့ လုပ်ဆောင်သွားကြမယ်ဆိုရင် ငြိမ်းချမ်းရေး မဖြစ်မနေရမယ်လို့ ယုံကြည်ပါတယ်။ ပြည်သူလူထုအနေနဲ့ကလည်း ငြိမ်းချမ်းရေးကို လိုချင်ရုံတစ်ခုတည်း မဟုတ်ဘဲ ပူးပေါင်းနိုင်တဲ့ ကိစ္စတွေကို ပူးပေါင်းပါဝင်ကြဖို့လိုတယ်လို့ ယူဆပါတယ်။

ဦးခွန်မြင့်ထွန်း (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်-PNLO)

အခု ကျွန်တော်တို့က ဒီအပေါ်မှာ လက်မှတ်မရေးထိုးတာ မဟုတ်ဘူး၊ သဘောမတူညီနိုင်တာ မဟုတ်ဘူး၊ လက်မှတ်ထိုးမယ်၊ သဘောတူတယ်။ ကျန်တဲ့ ကျွန်တော်တို့ ညီနောင်တိုင်းရင်းသားတွေ၊ နားလည်မှုလွဲတဲ့ ညီနောင်တိုင်းရင်းသားတွေ အားလုံးအတူတကွ ပါဝင်ပြီးတော့မှ လက်မှတ်ရေးထိုးကြဖို့ ဆောင်ရွက်မလို့ပါ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပေါင်းကူးတံတားအဖြစ် နှစ်ဖက်စလုံးကို အနင်းခံပြီး ဆောင်ရွက်သွားဖို့ ဒီနေ့ ကတိပြုပြောကြားတာ ဖြစ်ပါတယ်။

ဦးလှမောင်ရွှေ(အကြံပေး)
မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန

ဒီနေ့ လက်မှတ်ရေးထိုးဖို့ကို တိုင်းရင်းသား ခေါင်းဆောင်တွေက အစပြုခဲ့တာလို့ ကျွန်တော်သိရပါတယ်။ ဒီနေ့ လက်မှတ်ရေးထိုးတယ်ဆိုတာ စာချုပ်မဟုတ်ပါဘူး။ ကတိကဝတ်ပြုတာဖြစ်ပါတယ်။ ကတိကဝတ်ပြုတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ကတိကဝတ်ပြုသလို ငြိမ်းချမ်းရေးလိုချင်တဲ့ မိဘပြည်သူတွေကို ကတိကဝတ်ပြုတာလို့ နားလည်ပါတယ်။ ငြိမ်းချမ်းရေးကို ဆက်သွားမယ်ဆိုတဲ့ပုံစံကို သွားတာပဲဖြစ်ပါတယ်။

ဒီနေ့ ကျွန်တော်တို့ နောက်ဆုံးစာရင်းအရ (၅၅) ပါတီက လက်မှတ်ရေးထိုးတာ တွေ့ရပါတယ်။ တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦးလုံး လက်မှတ်ရေးထိုးတာ တွေ့ရပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှာတော့ ကေအင်န်ယူ ဦးဆောင်တဲ့ ကရင်အမျိုးသားတွေ လက်မှတ်ရေးထိုးတာတွေ့ရပါတယ်။ ကျန်တဲ့အဖွဲ့တွေက သူတို့ရဲ့ ဌာနချုပ်တွေမှာ သူတို့ရဲ့အဖွဲ့အစည်းတွေနဲ့ ပြန်ပြီးတော့ ဆွေးနွေးတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒီနေ့ကတော့ ကျွန်တော်နိုင်ငံရဲ့ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့သမိုင်းမှာ ထူးခြားတဲ့နေ့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နောင်မှာပြုလုပ်မယ့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှာ ပါဝင်မယ့်သူတွေအားလုံးက ဒီနေ့ ဒီနေရာမှာရှိပါတယ်။ အစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့ရှိပါတယ်။ နိုင်ငံရေးပါတီကိုယ်စားပြုတဲ့သူတွေရှိတယ်။ လက်နက်ကိုင်တွေရှိတဲ့အတွက် ဒါဟာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအစလို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့အားလုံးဟာရှေ့ကိုဆက်ပြီးတော့ တကယ်ငြိမ်းချမ်းသာယာတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဖြစ်အောင် သွားနိုင်ဖို့ကိုလည်း ဒီနေ့ကတိကဝတ်ပြုတယ်လို့ နားလည်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို မိဘပြည်သူတွေကို ပြန်ပြီးတော့ သတင်းပြန်ပို့တဲ့ သဘောပါပဲ။ ကျွန်တော်တို့ တကယ်ဆက်ပြီးတော့ ဒါကို ယုံယုံကြည်ကြည်နဲ့ ဆက်သွားပါ့မယ်ဆိုတဲ့ ကတိပြုချက်သက်သက်ပဲဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အချို့က ထည့်သွင်းစေချင်တဲ့အချက်ရှိပါတယ်။ အဲဒါက အမျိုးသားပြည်နယ်များကိုအခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စုဆိုတဲ့ စကားလုံးကို ထည့်သွင်းစေချင်ကြပါတယ်။ အခုအချိန်မှာ ကြိုတင်စည်းကမ်းသတ်မှတ်မယ့်အစား နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှာ အများစုရဲ့ သဘောထားနဲ့ ဆုံးဖြတ်တဲ့အတိုင်း ဆက်သွားသင့်ပါတယ်။ ကျွန်တော်တို့သွားနေတဲ့ ခရီးကတရွေ့ရွေ့နဲ့ သွားနေပေမယ့်လည်း ခရီးတော်တော်ရောက်နေပြီဖြစ်ပါတယ်။ ။

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကြီးကြပ်ရေးမှူးရာထူး၊ ဒု-ကြီးကြပ်ရေးမှူးရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၄(စက်)ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များတွင် လစ်လပ်လျက်ရှိသည့် ပုံနှိပ်စက်ရာထူးနေရာများ ဖြစ်သော ကြီးကြပ်ရေးမှူးရာထူး(လစာနှုန်းကျပ် ၁၀၅၀၀၀-၁၀၀၀-၁၁၀၀၀၀) ခြောက်နေရာ၊ ဒု-ကြီးကြပ်ရေးမှူးရာထူး(လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) သုံးနေရာ၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူး (လစာနှုန်းကျပ် ၉၃၀၀၀-၁၀၀၀-၉၈၀၀၀) ကိုးနေရာ၊ ပုံနှိပ်ကျွမ်းကျင်-၄(စက်)ရာထူး(လစာနှုန်းကျပ် ၈၇၀၀၀-၁၀၀၀-၉၂၀၀၀) (၃၀)နေရာ များအတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

(၂) (၃၁-၁-၂၀၁၅)ရက်နေ့တွင် အသက်(၂၀)မှ (၃၀)အတွင်း အမျိုးသားများ လျှောက်ထားနိုင်သည်။

(၃) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(၄) ကြီးကြပ်ရေးမှူးရာထူးအတွက် B.E(Mechanical)(သို့) B.E(Electronic)(သို့)B.E(Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။

ဒု-ကြီးကြပ်ရေးမှူးရာထူးအတွက် B-Tech(Mechanical) (သို့)B-Tech(Electronic)(သို့) B-Tech(Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။

ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူးအတွက် AGTI(Mechanical) (သို့) AGTI(Electronic)(သို့) AGTI(Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။

ပုံနှိပ်ကျွမ်းကျင်-၄(စက်)ရာထူးအတွက် စက်မှုသင်တန်းကျောင်းအောင် (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။

(၅) ဝန်ထမ်းဖြစ်ပါက (၃၁-၁-၂၀၁၅)ရက်နေ့တွင် အသက်(၃၅)နှစ်အတွင်း သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုချက်နှင့် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို (၂၈-၂-၂၀၁၅)ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(စီမံ)၊ ဒုတိယညွှန်ကြားရေးမှူး (စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်၌ ရေးဖြေစာမေးပွဲဖြေဆိုခြင်းကို (၉-၃-၂၀၁၅)ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၀၂၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ပြည်တွင်းရေးရာ

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး လေးပွင့်ဆိုင်စကားသံများ . . .

ဝင်းဝင်းမော်

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၊ ဥပဒေပြုလွှတ်တော်၊ ပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာကွန်ရက်(NNER)နှင့် ကျောင်းသားကိုယ်စားလှယ်များပါဝင်သော တတိယအကြိမ်မြောက် လေးပွင့်ဆိုင်ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပခဲ့ပြီး ဆွေးနွေးပွဲစကားသံများအား ပြန်လည်ဖော်ပြလိုက်ပါသည်။

မောင်ဇေယျာလွင်
(ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ)

မောင်ဇေယျာလွင်
(ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ)

ဒီနေ့ဆွေးနွေးပွဲမှာ ရလဒ်အနေနဲ့ မူဝါဒအားဖြင့် တိုးတက်မှုရတယ်။ ဒီနေ့အခြေအနေကို သပိတ်မှာရှိတဲ့ ကျောင်းသားတွေအားလုံးကို ချပြပြီး ကျောင်းသားထုနဲ့ သဘောတူညီနိုင်းမှုယူပြီး သပိတ်ကိစ္စကို ဘယ်လိုဆက်သွားမလဲ၊ ကျွန်တော်တို့ဘက်က သဘောထားတွေ ဘယ်လိုရှိသလဲဆိုတာ အစိုးရကို ပြန်လည်တင်ပြမယ်။ ဒါက ၁၄ ရက်နေ့မှာ ပြန်လည်ဆွေးနွေးမယ့် သပိတ်နဲ့ပတ်သက်ပြီး သဘောထားပါပဲ။

၁၁ ချက်ကို မူအားဖြင့် အစိုးရနဲ့တွေ့ဆုံဆွေးနွေးမှုရခဲ့ပြီး ဒုတိယအဆင့်အနေနဲ့ အာမခံချက်တစ်ခုရခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနက ကျွန်တော်တို့နဲ့ ၁၄ ရက်နေ့မှာ ညှိနှိုင်းရေးဆွဲပြီးတော့ ၁၆ ရက်နေ့အမီ လွှတ်တော်တင်ပေးမယ်ဆိုတဲ့ အာမခံချက်ရခဲ့ပါတယ်။

တတိယဖြစ်စဉ်အနေနဲ့ နောက်ဆုံးအပြီးသတ် ဥပဒေပြင်ဆင်ရေးကိစ္စကျန်ပါသေးတယ်။ ဒီကိစ္စကို လွှတ်တော်မှာ ဘယ်လိုဆောင်ရွက်မလဲဆိုတာ စောင့်ကြည့်ရပါမယ်။

မဖြိုးဖြိုးအောင်
(ဒီမိုကရေစီလှုပ်ရှားမှု ဦးဆောင်ကော်မတီ)

ဒီပွဲရဲ့ရလဒ်က ဒီနေ့အနေအထားအရ အချက်(၁၁)ချက်ကို သူတို့သဘောတူတယ်။ လေးဖွဲ့လုံးကလည်း အချက်(၁၁)ချက်ကို တချို့စကားလုံးအနည်းငယ်ပြင်တာကလွဲလို့ သဘောတူတယ်။ ဒါပေမယ့် ကျွန်မတို့ ဥပဒေထဲမှာ အသေးစိတ်ပြင်ဆင်ဖို့လိုတယ်။ ကျွန်မတို့ ၁၄ ရက်နေ့မှာ ဆွေးနွေးပွဲဆက်လုပ်ဖို့ ထပ်ပြီးတော့ ချိန်းထားပါတယ်။ အဆင့်မြင့်ပညာဦးစီးဌာနပါ။ ဒီလေးဖွဲ့လုံး ဥပဒေတစ်ခန်းချင်းစီအလိုက်ဆွေးနွေးတဲ့အဆင့်ကို ပြန်သွားမှာဖြစ်ပါတယ်။

ဒေါ်ညိုညိုသင်း (NNER)

တကယ့်ကိုအခြေခံကျတဲ့ မူဝါဒတွေ ချမှတ်နိုင်ခဲ့တဲ့အတွက်ကြောင့် အန်တီတို့ ဒီနေ့အဖို့ကျေနပ်ပါတယ်။ ဆွေးနွေးပွဲရလဒ်က ကျောင်းသားတွေ တောင်းဆိုထားတဲ့ (၁၁)ချက်ပေါ့။ (၁၁)ချက်လုံးပေါ်မှာ မူအားဖြင့် အားလုံး သဘောတူညီခဲ့တယ်။ သဘောတူညီခဲ့တဲ့အချက်ကို ရခဲ့တယ်။ တစ်ခါထပ်ပြီးတော့ အစိုးရပိုင်းက ကျောင်းသားသပိတ်တွေကို ရပ်နားဖို့တင်ပြတယ်။ ဒီအပိုင်းမှာလည်း ကျောင်းသားတွေဘက်က

ဒေါ်ညိုညိုသင်း
(NNER)

သူတို့ရဲ့ အခက်အခဲတွေကို ပွင့်ပွင့်လင်းလင်းတင်ပြတယ်။

Moderator တွေလည်း တော်တယ်။ နောက်ပြီးတော့ အထူးသဖြင့်က ရိုးသားတာကို တွေ့ရတယ်ပေါ့နော်။ ဥပမာ အစိုးရဘက်ကလာတဲ့ တာဝန်ခံဝန်ကြီးဆိုလည်း ရှင်းရှင်းလင်းလင်းပဲ သူကပြောတယ်။ ကွေ့ဝိုက်ပြီးပြောနေတာတွေ မတွေ့ရဘူး။ ရှင်းတယ်။ ရှင်းတဲ့အတွက်ကြောင့် ကိုယ်က ပြောရတာကောင်းတယ်။ လွှတ်တော်ဘက်ကလည်း အဲဒီလိုပဲ။ လွှတ်တော်ဘက်က ဦးဆောင်ဆွေးနွေးတဲ့ ဦးသိန်းဆွေကလည်းပဲ သူတို့ရဲ့ဆန္ဒကို ရှင်းရှင်းလင်းလင်းပဲပြောတယ်။ ဒါကြောင့်မို့လို့ ရှင်းလင်းမှု၊ ရိုးသားမှုဟာ ဆွေးနွေးပွဲတစ်ခုအောင်မြင်ရေးအတွက် အဓိကသော့ချက်ဖြစ်တယ်လို့ အန်တီက ဒီပွဲကြီးကနေ သင်ခန်းစာရပါတယ်။ တခြား ဖြည့်စွက်ပြောချင်တာက ဒီနေ့ ဆွေးနွေးပွဲဟာ တကယ့်ကို နိုင်ငံတော်အဆင့် ဆွေးနွေးပွဲဖြစ်တယ်။ အဲဒီဆွေးနွေးပွဲကြီးကို ကျင်းပတဲ့နေရာမှာလည်း လေးဖွဲ့စလုံးက တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားမှုထားပြီးတော့ ဆွေးနွေးသွားတယ်။ နောက်ပြီးတော့ အင်မတန်အရေးကြီးဆုံးဖြစ်တဲ့ လေးဖွဲ့စလုံးရဲ့ ရိုးသားမှုကိုလည်းပဲ မြင်နေရတယ်။ အထင်းသား ပေါ်လွင်နေတယ်။ ဒါကြောင့်မို့ ဒီဆွေးနွေးပွဲဟာ ဒီနေ့ အောင်မြင်တယ်လို့ မှတ်ချက်ချပါတယ်။

ဦးသန့်ရှင်း
(ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန)

၁ ရက်နေ့က ဒီစိန်ရတုမှာကျန်ခဲ့တဲ့ precondition (၂)ချက်ကို ဆွေးနွေးတယ်။ သူတို့တောင်းဆိုတဲ့ (၁၁)ချက်ကို ဆွေးနွေးတယ်ပေါ့။ အားလုံးဟာ ဆွေးနွေးရင်းနဲ့ ပညာရေးကဏ္ဍမြှင့်တင်ရေးကို လေးဖွဲ့လုံးကလိုလားကြတယ်။ နိုင်ငံတော်ရဲ့ ပညာအရည်အချင်းမြင့်မားရေး၊ အရည်အသွေး မြင့်မားရေးကို အားလုံးလိုလားကြတဲ့အပေါ်မှာ ဦးတည်ချက်ကတူညီတဲ့အတွက် ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာကို မူတည်ပြီးတော့ ဆွေးနွေးသွားတဲ့အခါ အောင်မြင်တဲ့ရလဒ်တွေ ရခဲ့ပါတယ်။ ဒါဟာလည်း ဒီ Process မှာ တစ်ခါမှမရှိဖူးခဲ့တဲ့ အစိုးရ၊ လွှတ်တော် နောက်ဆန္ဒပြတဲ့ကျောင်းသားတွေနဲ့ အရပ်ဘက်အဖွဲ့အစည်း NNER တို့ အကုန်လုံးပေါင်းပြီးတော့ ပြဿနာတစ်ရပ်ဖြစ်လာရင် ဆွေးနွေးတာနဲ့ အဖြေရှာမယ်ဆိုတာကို

ဦးဇော်မြင့်ဖေ
(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

ဆုံးခန်းတိုင် တဖြည်းဖြည်းလုပ်တဲ့အတွက် အောင်မြင်တဲ့ဆွေးနွေးပွဲတစ်ခုဖြစ်ခဲ့တယ်လို့ ပြောလိုပါတယ်။

ဒီဆွေးနွေးတဲ့ အကြောင်းအရာသည် ကိုယ်ကျိုးစီးပွားတစ်ခုမှမပါဘဲနဲ့ တိုင်းပြည်နဲ့ လူမျိုး ပညာရည်မြင့်မားရေးအတွက် ဘာလုပ်ရမလဲဆိုတဲ့ အမြင် ဦးတည်ချက်ကို မူတည်ပြီးတော့ဆွေးနွေးခဲ့တဲ့အတွက် အားရကျေနပ်မိပါတယ်။ နောက်နေ့ ၁၄ ရက်နေ့ ၉ နာရီခွဲမှာတော့ အသေးစိတ် ဥပဒေကြမ်းမှာ ဘယ်လိုထည့်မယ်ဆိုတာကို ဆွေးနွေးဖို့ရှိပါတယ်။ ဒါဆွေးနွေးပြီးရင် ဒါအတည်ပြုမယ်၊ ဖြစ်နိုင်တယ်ဆိုရင် ၁၅၊ ၁၆ ရက်လောက်မှာ လွှတ်တော်ကိုအမြန်ဆုံးပေးပို့ပြီးတော့ အတည်ပြုနိုင်ဖို့၊ လွှတ်တော်ရဲ့ Process နဲ့အတူ ဆက်လက်ဆောင်ရွက်သွားဖို့လုပ်နေပါတယ်လို့ ပြောချင်ပါတယ်။

ရန်ကုန်မြို့ရဲ့လူဦးရေနဲ့ ကားကျပ်တည်းမှု၊ ယာဉ်ကျပ်တည်းမှုတွေရှိတဲ့အခါမှာ ကိုယ့်ဘာသာဘယ်လိုပဲ စည်းကမ်းရှိရှိ သွားချင်တယ်ပဲပြောပြော ဒီမှာနဂိုရှိတဲ့ဟာနဲ့တင် လူအားလုံးဟာ သွားရေးလာရေးနဲ့ စိတ်ဖိစီးမှုရှိတဲ့အတွက် သဘောကျသည်ပဲဖြစ်စေ၊ မကျသည်ပဲဖြစ်စေ တစ်ခုခုပေါက်ကွဲခဲ့လို့ရှိရင် ထိန်းဖို့ခက်တယ်လေ။ ဒါကြောင့်ပါ။ စိုးရိမ်မှုဆိုတာ ထိန်းဖို့ခက်တဲ့စိုးရိမ်မှုပါပဲ။ သူတို့လည်း အတတ်နိုင်ဆုံး သူတို့ရဲ့စစ်ကြောင်းတွေကို ဒီဆွေးနွေးပွဲရလဒ်တွေ အကုန်လုံးရှင်းပြမယ်ပေါ့။ ရှင်းရှင်းပြောရရင် သူတို့တောင်းဆိုတဲ့ အချက်တွေမှာ ပထမနေ့က ခုနစ်ချက်ကို လိုက်လျောတယ်။ အခုနှစ်ချက်ဆွေးနွေးပေးတယ်။ ပြီးတော့ လိုလားတဲ့ (၁၁) ချက်လည်း ဘယ်လိုလုပ်မယ်ဆိုတဲ့ Process အထိ ဆွေးနွေးပြီးသွားပြီ ဖြစ်တဲ့အတွက် win win ဖြစ်အောင်တော့ သူတို့လည်းဆွေးနွေးကြမှာပါ။ ပြောရမယ်ဆိုရင်တော့ ဒီဦးတည်ချက်ထားတဲ့

(၁၁) ချက်လုံးကို အောင်မြင်စွာ ဆွေးနွေးနိုင်တယ်ဆိုတော့ ရာနှုန်းပြည့်ပေါ့။

ဦးဇော်မြင့်ဖေ
(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

လေးဦးလေးဖက် သဘောတူညီမှုရပါတယ်။ ဒါကတော့ ဒီမိုကရေစီယဉ်ကျေးမှုပေါ့လေ။ အသီးအပွင့်

ဒေါက်တာ စိုးဝင်း
(ညွှန်ကြားရေးမှူးချုပ်)

ပေါ့။ အစိုးရရယ်၊ လွှတ်တော်ရယ်၊ ပညာရေးအဖွဲ့ရယ်၊ ကျောင်းသားတွေရယ် ဒီလိုပွင့်ပွင့်လင်းလင်း ဆုံစည်းဖို့ဆိုတာ တော်တော်လေးကို သမိုင်းမှာမရှိခဲ့တဲ့ဟာပါ။ ဒီလိုတွေ့ဆုံဆွေးနွေးမှုဆိုတာက မရှိခဲ့တာ တော်တော်ကြာပါပြီ။ အဲဒီလိုဖြစ်လာတယ်ဆိုတာ အောင်မြင်မှုပါ။ လွှတ်တော်ပိုင်းကလည်း တတ်နိုင်သမျှ အကူအညီပေးတယ်။ အစိုးရပိုင်းကလည်း လိုက်လျောတယ်။ကျောင်းသားတွေမှာလည်း ကျောင်းသားတွေ အခက်အခဲရှိတယ်။ ပညာရှင်တွေကလည်း ပညာရှင်တွေ မြင်တာတွေကို ပြောတယ်။ အဲဒီတော့ အဲဒီ(၁၁)ချက်ကို ပျက်သွားမှာ သိပ်ကြောက်တယ်။ အကယ်၍ပေါ့ ဒီကျောင်းသားသပိတ်က အကြောင်းအမျိုးမျိုးကြောင့် မတော်တဆ ပယောဂတွေဝင်လာပြီး မထိန်းနိုင် မသိမ်းနိုင်ဘဲဖြစ်မှာကို ကျောင်းသား ခေါင်းဆောင်တွေကလည်းကြောက်တယ်။ အန်ကယ်တို့ကလည်းကြောက်တယ်။ ဒါကြီးက ဆူပူမှုဖြစ်သွားခဲ့သော် ဘယ်လိုထိန်းမလဲ။ ပြီးတော့ ဒီနေ့ရထားတဲ့ Achievement အချက် (၁၁)ချက်ဆိုတာ နည်းတာမဟုတ်ဘူး။ ကျောင်းသားသမဂ္ဂတွေ တည်ထောင်ခွင့်ပြုတဲ့အပြင် ကျောင်းသားတွေလိုချင်တဲ့ဟာတွေကို ဖြစ်အောင်ဆိုတာ တော်တော်ကို Breakthrough လုပ်ရတယ်။ တော်တော်ကို ကြိုးစားရတဲ့ အခြေအနေမျိုးပါ။ ဒါက ခြုံကြည့်လိုက်မယ်ဆိုရင် ကျောင်းသားရယ်၊ အစိုးရရယ်၊ လွှတ်တော်ရယ်၊ ပညာရှင်တွေရယ် ကြားထဲမှာဒီလို Agreement မျိုးဆိုတာ ရခဲပါတယ်။ အဲဒါကြောင့် တစ်ပိုင်းကတော့ ဝမ်းသာရတယ်။ တစ်ပိုင်းကတော့ သူတို့လည်း ကျောင်းသားသပိတ် စစ်ကြောင်းတွေဆီကိုသွားပြီး ရှင်းလင်းမယ်။ ရှင်းလင်းမယ်ဆိုရင် ကျောင်းသားသပိတ်က ရန်ကုန်ဝင်ချင်မှဝင်မယ်။ လွှတ်တော်အပိုင်းကတော့ ဒီအစိုးရ

အဖွဲ့က ပို့လိုက်ရင် ဦးစားပေးပြီးတော့ စဉ်းစား ဆွေးနွေးသွားမယ်ဆိုတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။

သူတို့လည်း သူတို့ဘရိတ်ကို တော်တော်လေးနင်းနေရတယ်လေ။ သူတို့ ဒီနေ့ရောက်အောင်သွားမယ့် ကျောင်းသားသပိတ်နေရာတွေ ရှိတယ်။ ဒီနေ့ရရှိတဲ့ သဘောတူညီချက်တွေကို ကြေညာမှာပဲ။ အဲဒီလိုရှင်းလင်းလိုက်ရင်တော့ အန်ကယ်ထင်တာတော့ ပျော့ပျောင်းသွားမယ်လို့ မျှော်လင့်ပါတယ်။

ဒေါ်စုစုလွင်
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

ဒီနေ့ဆွေးနွေးပွဲက အများသိတဲ့အတိုင်းပဲ ဒါသမိုင်းဝင်နေ့ တစ်နေ့

မောင်နန်းလင်း
(ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ)

လို့ပဲ ပြောချင်ပါတယ်။ ဒီနေ့ ဆွေးနွေးတဲ့အခါမှာ ပါဝင်တဲ့အဖွဲ့ လေးဖွဲ့စလုံး ပွင့်ပွင့်လင်းလင်းနဲ့ ကြည်ကြည်လင်လင် ဖြစ်အောင် ဆွေးနွေးကြတယ်။ အတိုင်းအတာတစ်ရပ်အထိတော့ အခု အောင်မြင်မှုရတယ်။ ဒါပေမယ့် ဆက်လက်ပြီး အားလုံးလက်ခံနိုင်တဲ့ အခြေအနေတစ်ခုကိုရောက်အောင် ဆက်ပြီး အလုပ်လုပ်သွားရမှာပါ။ ဒါပေမယ့် ဒီလိုဆွေးနွေးနိုင်တဲ့ အဆင့်အထိဖြစ်လာဖို့ဆိုတာကတော့ တော်တော်လေး ဖြတ်သန်းလာခဲ့ရတာပါ။ အဲဒီကအတွေ့အကြုံတွေနဲ့ ပါဝင်တဲ့လူတွေ နိုင်ငံသူနိုင်ငံသားတွေက အတွေ့အကြုံယူရမယ့် အနေအထားတစ်ခုဖြစ်ပါတယ်။

အန်တီအနေနဲ့ကတော့ အားလုံးအတွက် ကျေကျေနပ်နပ်ဖြစ်နိုင်မယ့် ရလဒ်တစ်ခုကို ရစေချင်ပါတယ်။ အထူးသဖြင့် အန်တီက ပညာရေးလုပ်ငန်းလုပ်ခဲ့ဖူးတဲ့သူ ဖြစ်တဲ့အတွက် ဒီကျောင်းသားတွေနဲ့မက အများစုက တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ အခြေခံပညာမှာ ပညာသင်ကြားနေတဲ့ ကလေးတွေအတွက် နောင်မှာ အရည်အသွေး အာမခံပေးနိုင်မယ်၊ အာမခံချက်ရှိနိုင်မယ့် ပညာရေးစနစ်ပေါ်လာနိုင်အောင် အားလုံးဝိုင်းဝန်းပြီးတော့ လုပ်ကြရမယ်လို့ ယူဆပါတယ်။ ဥပဒေတစ်ခုထွက်သွားရုံနဲ့တော့မပြီးသေးဘူး။ ဒီရလာတဲ့ ဥပဒေအပေါ်မှာ အကောင်အထည်ဖော်နိုင်ဖို့ ပိုပြီးအရေးကြီးပါတယ်လို့ ထင်ပါတယ်။

ဒေါက်တာစိုးဝင်း
(ညွှန်ကြားရေးမှူးချုပ်)

ဆရာကတော့ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ပါ။ ဆရာတို့ ပညာရေးဌာန အနေနဲ့ ဒီကပြီးရင် နောက်ထပ်လာမယ့် Process ကတော့ ဒီဟာကို မြန်မြန်ပြင်ဆင်ပြီးရင် လွှတ်တော်ကို မြန်မြန်တင်ဖို့ပဲ ဆရာတို့ဘက်က ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်။ အဲဒီဟာတော့ ဆရာတို့ မပြတ်သေးဘူး။ လောလောဆယ်ကတော့ ဆရာတို့ ခုနကပြောတဲ့အမျိုးသား ပညာရေးဥပဒေမှာ ပြင်ရမယ့်အချက်တွေနဲ့ ပတ်သက်ပြီး ၁၄ ရက်နေ့မှာ ပြန်တွေ့မယ်လို့ ညှိနှိုင်းထားပါတယ်။ ဒီတော့ ဆရာတို့မှာ အမျိုးသားပညာရေးဥပဒေကို ပြင်ရမယ့်အချက်တွေရှိတယ်။ အဲဒီအချက်တွေကို ဦးစားပေးပြီးတော့ ပြင်သွားနိုင်တယ်။ တချို့အချက်တွေကလည်း ဒီနေ့ထဲက တစ်ခါတည်းပြတ်ပြီးသား။ တချို့အချက်ကလည်း အဲဒီနေ့ကျမှ ညှိရမယ့် အပိုင်းလေးတွေ နည်းနည်းပါးပါးတော့ပါတယ်။ အရင်ညှိတဲ့အချက်ကတော့ NNER ကလည်း ဒီအဖွဲ့ပဲ။ ကျောင်းသားလည်း ဒီအဖွဲ့ပဲ။ ဆရာတို့ဘက်ကတော့ ဥပဒေရေးဆွဲရေး အဖွဲ့ရှိတယ်။ အဲဒီအဖွဲ့နဲ့ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမယ်။ အဲဒါတော့ အချက်တွေကများတယ်။ ရလဒ်ကတော့ ကောင်းပါတယ်။ ဘာပဲပြောပြော သူတို့ပြောတဲ့ (၁၁) ချက်အပေါ်မှာ ဝိုင်းပြီးစဉ်းစား သဘောတူညီချက်လည်း ရတာပေါ့။

ဒေါက်တာကျော်သူ (Moderator)

ဆွေးနွေးပွဲမှာ အားလုံးရိုးရိုးဖြောင့်ဖြောင့်ရှိတယ်။ ရိုးရိုးသားသားရှိတယ်။ ပွင့်ပွင့်လင်းလင်းရှိတယ်။ အဲ့ဒါကြောင့် တကယ့်လက်ရှိအခြေအနေ အနေအထားကို ထင်ဟပ်တဲ့ ကြေညာချက်ထွက်တယ်။ အခက်အခဲတွေရှိတုန်းပဲ ဥပမာ ကျောင်းသားသပိတ်စစ်ကြောင်းက ရပ်လို့မရသေးဘူး။ အဲဒါကို အစိုးရကို အသိပေးထားတယ်ပေါ့။ အစိုးရကလည်း ပူပန်တဲ့ဟာတွေကို ပြောတယ်။ ဥပမာ လုံခြုံရေး အဲ့ဒီတော့ ကျွန်တော်တို့ ဆက်ပြီးထိတွေ့မှုကို ပိုပြီးနီးနီးစပ်စပ် တစ်ဖက်နဲ့တစ်ဖက် တွေ့ဆုံဆွေးနွေးပြီးတော့ နောက်ထပ်အဖြေထပ်ရှာမယ်။ ဒီဟာတွေ ထိခိုက်မသွားအောင် ပျက်ပြားမသွားအောင် ဆက်လုပ်ပေးမယ်။

မောင်နန်းလင်း
(ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ)

ကျွန်တော်တို့ အကောင်းမွန်ဆုံးဖြစ်အောင် သေသေချာချာ ကြည်ကြည်လင်လင် ဆွေးနွေးနိုင်ခဲ့တယ်။ ဥပဒေမှာထည့်သွင်းဖို့ကိစ္စကိုလည်း ရခဲ့တယ်။ နောက်ဆုံးဘတ်ဂျက်လိုမျိုး ဥပဒေမှာထည့်သွင်းဖို့ခက်တဲ့ကိစ္စမျိုးမှာ ကျွန်တော်တို့ လေးဖွဲ့လုံးက ညှိနှိုင်းတိုင်ပင်ပြီးတော့ သေချာတိုင်ပင်တယ်။ ဥပဒေမှာထည့်ဖြစ်သွားအောင် ကြိုးစားနိုင်ခဲ့တယ်ဆိုတော့ ဒီနေ့ဆွေးနွေးပွဲ အနေအထားဆိုရင် အားရတယ်၊ ကျေနပ်တယ်။ ကျွန်တော်တို့ရဲ့ တောင်းဆိုချက်တွေက တဖြည်းဖြည်း ပိုပြီးနီးစပ်လာတယ်။ တစ်ဆင့်လွှတ်တော်မှာ အတည်ပြုဖို့ကျန်တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ ကိုယ်တိုင်ကလည်း ဒီအချက်တွေပါလာအောင် ကြိုးစားပေးပါမယ်ဆိုတဲ့ ကတိလည်း ကျွန်တော်တို့ရခဲ့တယ်။ ဒီနေ့ဆွေးနွေးပွဲက တော်တော်လေး အားရဖို့ကောင်းတဲ့ ဆွေးနွေးပွဲတစ်ခုပါ။

ကျွန်တော်တို့ စစ်ကြောင်းတွေကို ပြန်ညှိပြီးတော့ ကျွန်တော်တို့ ၁၄ ရက်နေ့မှာ အဖြေတစ်ခုပေးနိုင်မယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ ။

လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေး တပ်မတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ရှိ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို လုံလုံခြုံခြုံကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်နှင့်အညီ ပြည်သူများအေးချမ်းတည်ငြိမ်စွာ နေထိုင်ရပ်တည်နိုင်ရေးကို အနှောင့်အယှက်ဖြစ်စေသောရန်ဟူ သမျှကို ဖယ်ရှားရှင်းလင်းရန် အသက်ခန္ဓာအပ်နှင်း၍ တာဝန်ထမ်းဆောင်လျက်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုင်နက်နယ်မြေမှန်သမျှကို တာဝန်နှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ဖေဖော်ဝါရီ ၉ ရက်မှစတင်၍ လောက်ကိုင်နယ်မြေအတွင်းဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်တိမ်းရှောင် အင်အားစုများနှင့် တွေ့ဆုံတိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။

ဖေဖော်ဝါရီ ၉ ရက်တွင် ကိုးကန့်တိမ်းရှောင်အဖွဲ့မှ အင်အားစုအချို့သည် လက်နက်ငယ်ကိုယ်စီကိုင်ဆောင်၍ ကွမ်းလုံမြို့မြောက်ဘက်ရှိ တောက်ရွှေကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကာ ကျေးရွာပြည်သူ့စစ်များထံမှ လက်နက်ငယ် ရှစ်လက်အား သိမ်းယူသွားခဲ့သည်။ ၎င်းတို့ ပြန်လည်ထွက်ခွာရာတစ်လျှောက် တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းရာမှ ကြိုတင်နေရာယူပြီး ယာယီခံစစ်ယူထားသည့် သောင်းကျန်းသူ အင်အားစုများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ တိုက်ခိုက်ရေးရဟတ်ယာဉ်တို့ဖြင့် ပစ်ကူပေးခဲ့ရပြီး ဖြစ်စဉ်တွင် တပ်မတော်မှအရာရှိ လေးဦး၊ စစ်သည် ခုနစ်ဦး ကျဆုံးကာ အရာရှိနှစ်ဦး၊ စစ်သည် ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

တစ်ချိန်တည်းတွင် ကုန်းကြမ်းနှင့် ညံခွမ်းလမ်း (၁၈)မိုင်တစ်ဝိုက်၌ တပ်မတော်စစ်ကြောင်းနှင့် ကိုးကန့်တိမ်းရှောင်အဖွဲ့မှ အင်အားစုများနှင့် နှစ်ကြိမ်တိုင် ပြင်းထန်စွာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ ဖြစ်စဉ်တွင် စစ်သည် ငါးဦးကျဆုံး၍ စစ်သည် နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် မြန်မာ-တရုတ် နယ်နိမိတ်မှတ်တိုင်အမှတ် ဘီပီ-၁၆၁(၁)အနီးရှိ မော်ထိုက်မြို့တစ်ဝိုက် လုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်စခန်းအား ကိုးကန့်တိမ်းရှောင်အင်အားစုအချို့က နှစ်ကြိမ်ဝင်ရောက် ပစ်ခတ်တိုက်ခိုက်ခဲ့၍ တပ်မတော်မှ စစ်သည် လေးဦး ဒဏ်ရာရရှိခဲ့သည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် ညံခွမ်းနှင့် (၁၈)မိုင်ကြားတစ်ဝိုက်တွင် ကိုးကန့်တိမ်းရှောင်အဖွဲ့ အင်အားစုအချို့နှင့် ထပ်မံ၍ တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ရာ တပ်မတော်မှ စစ်သည် ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။ ၎င်းနေရာသို့ တပ်မတော် စစ်ကြောင်းက လောက်ကိုင်မြို့မှ စစ်ကူသွားရောက်ခဲ့ရာ(၁၈)မိုင်နှင့် တာရွှေထန်ကြား၌ သောင်းကျန်းသူ အင်အား ၂၀၀ ခန့်က အသင့်စောင့်ကြိုတိုက်ခိုက်သဖြင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့ရာ တိုက်ခိုက်ရေးရဟတ်ယာဉ်၊ လေယာဉ်တို့ဖြင့် သုံးကြိမ် ပစ်ကူပေးခဲ့သည်။ သောင်းကျန်းသူများသည် ၎င်းည၌ပင် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ရှိ နယ်နိမိတ် မှတ်တိုင်အမှတ် ဘီပီ-၁၁၇ ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရှိရသည်။ တိုက်ပွဲတွင် အရာရှိတစ်ဦး၊ စစ်သည် ၂၉ ဦး ကျဆုံးခဲ့၍ အရာရှိ ရှစ်ဦး၊ စစ်သည် ၃၉ ဦး ဒဏ်ရာရရှိခဲ့ပြီး ယာဉ်ငါးစီးပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ပြင် (၁၈)မိုင်အနီးတွင်လည်း သောင်းကျန်းသူအင်အားစုများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားကာ တိုက်ခိုက်ရေး ရဟတ်ယာဉ်ဖြင့် တစ်ကြိမ် ပစ်ကူပေးခဲ့ရပြီး တပ်မတော်မှအရာရှိ တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

၎င်းနေ့တွင် လော်ကွာကျိုင်းဘက်မှ သောင်းကျန်းသူ အင်အား ၂၀၀ ခန့်သည် ကုန်းကြမ်းဒေသရှိ တပ်ဌာနချုပ်အား ဝင်ရောက်တိုက်ခိုက်ရန်ရှိကြောင်း မြေပြင်သတင်း ရရှိသဖြင့် တပ်ဌာနချုပ်နှင့် မိသားစုများလုံခြုံရေးအတွက် လိုအပ်သော တပ်အင်အား ဖြည့်တင်းမှုများကို လေကြောင်းမှ ရဟတ်ယာဉ်ဖြင့် အချိန်မီ ဖြည့်တင်းပေးနိုင်ခဲ့သည်။ မိမိတပ်စခန်းများအား အချိန်မီ အင်အားဖြည့်တင်းပေးနိုင်ခဲ့၍ သောင်းကျန်းသူများအနေဖြင့် အနီးကပ်တိုက်ခိုက်နိုင်ခြင်း မရှိဘဲ ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းတွင် အဝေးမှ လက်နက်ငယ်များဖြင့်သာ နှောင့်ယှက်ပစ်ခတ်နိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၁၀ ရက် ညပိုင်းနှင့်ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ကိုးကန့်တိမ်းရှောင်အဖွဲ့မှ အင်အားစုအချို့သည် လောက်ကိုင်တပ်နယ်သို့ လည်းကောင်း၊ အင်အားစုအချို့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးသို့လည်းကောင်း၊ အင်အားစုအချို့သည် ဆီအော့အကျဉ်းဦးစီးဌာနသို့ လည်းကောင်း၊ အင်အားစုအချို့သည် ရန်လုံကျိုင်းရဲစခန်းသို့ လည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်တစ်ဦးနှင့်ကိုးကန့်ရဲတပ်ဖွဲ့ဝင် ခြောက်ဦးကျဆုံးခဲ့သည်။

ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းနှင့် ၁၂ ရက် နံနက်ပိုင်းတွင် ကိုးကန့်တိမ်းရှောင်အဖွဲ့ အင်အားစုအချို့သည် လောက်ကိုင်တပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များ၊ ကုန်းကြမ်းရှိ တပ်ရင်းဌာနချုပ်နှင့် ရန်လုံကျိုင်းမဆုတ်တမ်းခံစစ်စခန်းများအား အနီး/အဝေးမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့ရာ စစ်သည် တစ်ဦး ကျဆုံးခဲ့သည်။

ဖေဖော်ဝါရီ ၉ ရက်မှ ယနေ့ထိတိုက်ပွဲဖြစ်စဉ်ပေါင်း ၁၃ ကြိမ်ဖြစ်ပွားခဲ့ပြီး လက်နက်ကြီးပစ်ကူများနှင့် လေကြောင်းပစ်ကူ ငါးကြိမ်ဆောင်ရွက်ခဲ့ရသည်။ ဖြစ်စဉ်တစ်လျှောက် တပ်မတော်မှ အရာရှိ ငါးဦး၊ စစ်သည် ၄၂ ဦး အသက်ပေးလှူခဲ့ပြီး အရာရှိ ၁၁ ဦး၊ စစ်သည် ၆၂ ဦး ဒဏ်ရာရရှိကာ မော်တော်ယာဉ်ငါးစီး ပျက်စီးဆုံးရှုံးခဲ့သည်။ ကိုးကန့်တိမ်းရှောင်အဖွဲ့ထံမှ လက်နက်အချို့ သိမ်းဆည်းရမိခဲ့ပြီး ကျဆုံး/ထိခိုက်ဒဏ်ရာရမှုအချို့ရှိခဲ့ကြောင်း သိရှိရသည်။

ဖုန်ကြားရှင် ဦးဆောင်သော ကိုးကန့်တိမ်းရှောင်အဖွဲ့သည် လောက်ကိုင်ဒေသရှိ မျိုးနွယ်တူနေထိုင်သူများကို အခွင့်ကောင်းယူ၍ နယ်မြေအတွင်း အခြေပြုလှုပ်ရှားနိုင်ရေးဆောင်ရွက်လာခဲ့သည်။ မြေပြင်သတင်း ဖော်ထုတ်ချက်များအရ ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်တိမ်းရှောင်အဖွဲ့နှင့်အတူ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လှုပ်ရှားလျက်ရှိကြောင်းသိရပြီး ဖုန်ကြားရှင်ဦးဆောင်သည့် ကိုးကန့်တိမ်းရှောင်အဖွဲ့နှင့် ၎င်းသောင်းကျန်းသူအဖွဲ့များသည် ပြည်ထောင်စုနေ့မတိုင်မီ လောက်ကိုင်မြို့အား သိမ်းပိုက်၍ အစိုးရအကျပ်အတည်းဖြစ်စေရေး ရည်မှန်းချက်ထားဆောင်ရွက်ခဲ့သော်လည်း ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ၎င်းတို့၏ ရည်ရွယ်ချက် ပျက်ပြားအောင် တပ်မတော်က တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများ၏ ပြောကြားချက်အရ ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူအဖွဲ့များသည် တာရွှေထန်နှင့် (၁၈)မိုင်လမ်းဆုံအနီး စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ လုပ်ဆောင်မှုအပေါ် အခွင့်ကောင်းယူ၍ ကြိုတင်ထိုးဖောက်စိမ့်ဝင်ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည် သစ်လွင်သော ယူနီဖောင်းများဝတ်ဆင်ထားပြီး အသွင်သဏ္ဌာန်အရ ခရီးဝေးမှ လာခဲ့ဟန်မရှိဘဲလန်းဆန်းသည့် အနေအထားရှိကြောင်း၊ ၎င်းတို့လှုပ်ရှားရာတွင် လျင်မြန်လွယ်ကူစွာ ရွှေ့ပြောင်းနိုင်ရေး နယ်စပ်ဒေသကုန်သွယ်ရေးနှင့် ကုန်ထုတ်လုပ်မှုပြုလုပ်ရန် ဖောက်လုပ်ထားသော လမ်းများကို အသုံးပြု၍ အမျိုးအစားကောင်းမွန်သောယာဉ်ငယ်များဖြင့် ရွှေ့ပြောင်းမှုများ ဆောင်ရွက်ကြကြောင်း၊ တိုက်ပွဲဖြစ်ပွားရာတွင် ဒုံးပစ်လောင်ချာနှင့် လက်ပစ်ဗုံးအရေအတွက် များပြားစွာသုံးစွဲနိုင်ပြီး လေယာဉ်ပစ် စက်သေနတ်ကြီးများကိုလည်း အဖွဲ့အားလုံးတွင် ဖြန့်ခွဲအသုံးပြုနိုင်ကြောင်းနှင့် ၎င်းတို့၏ လှုပ်ရှားမှုနှင့် တိုက်ပွဲဝင်သည့် အနေအထားမှာ စနစ်တကျ ပြင်ဆင်လေ့ကျင့်ထားသူများ ဖြစ်နိုင်ကြောင်း သိရှိရသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူးထံသို့လည်း သက်ဆိုင်ရာက ရှင်းလင်းပြောကြား အသိပေးထားကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် လောက်ကိုင်ဒေသအား မူလအခြေအနေသို့ ပြန်လည်ရောက်ရှိကာ ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် သောင်းကျန်းသူများ အခြေချလှုပ်ရှားနိုင်မှုမရှိစေရေးနှင့် နယ်စပ်ဒေသတစ်လျှောက် စိမ့်ဝင်ထိုးဖောက်ခြင်းမပြုနိုင်ရေး ထပ်မံ၍ အင်အားများဖြည့်တင်းပြီး အစွမ်းကုန် ကြိုးပမ်းရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့က လောက်ကိုင်ဒေသအား ပုဒ်မ ၁၄၄ ထုတ်ပြန်ထားရှိပြီး တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ လောက်ကိုင်မြို့လုံခြုံရေးအား ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိအခြေအနေမှာ လောက်ကိုင်မြို့အတွင်း တည်ငြိမ်အေးချမ်းသည့် အခြေအနေ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။**(မြဝတီ)**

အက်ဖ်အေဖလား ရင်ခုန်သံ

လာမယ့်ဖေဖော်ဝါရီ ၁၄၊ ၁၅ ရက်တွေမှာ အက်ဖ်အေဖလား ပြိုင်ပွဲကိုသာယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ ဘယ်အသင်းတွေနောက်တစ်ဆင့်တက်လာနိုင်မလဲ ဆိုတာ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။

ဝက်စ်ဘရွန်း - ဝက်စ်ဟမ်း 14-2-15 (7:15 PM)

ဝက်စ်ဘရွန်းအသင်းက နောက်ပိုင်းပွဲတွေမှာ ခြေစွမ်းမဆိုးသလို အက်ဖ်အေဖလားပွဲတွေမှာလည်း အားစိုက်ကစားနေတာမို့ ဝက်စ်ဟမ်းကိုအခက်တွေ့စေနိုင်တယ်။ ဒါပေမယ့်ဝက်စ်ဟမ်းကလည်း အန်နာဗလင်စီယာ၊ အင်ဒီကာရိုးလ်၊ အဲလက်စ်ဆောင်းတို့လို ကစားသမားတွေကို အသုံးပြုလာနိုင်တာမို့ ဝက်စ်ဟမ်း အနည်းငယ် ရှန်းကန်ရနိုင်ပါတယ်။

ဘလက်ဘန်း - စတုတ် 14-2-15 (9:30 PM)

ချန်ပီယံရှစ်ကလပ် ဘလက်ဘန်းဟာ စတုတ္ထအဆင့်မှာ ဆွမ်ဆီးကို အနိုင်ယူနိုင်ခဲ့တဲ့အသင်းဖြစ်သလို အိမ်ကွင်းခြေလည်း မဆိုးဘူး။ ဒါပေမယ့် စတုတ်ကလည်း နောက်ပိုင်းပွဲတွေမှာ အသင်းလိုက် ကစားပုံကောင်းမွန်နေသလို အဝေးကွင်းမှာလည်း ကစားပုံမာကျောမှုရှိတယ်။

ခရစ္စတယ်ပဲလေ့စ် - လီဗာပူး 15-2-15 (00:00 AM)

ခရစ္စတယ်ပဲလေ့စ်က ခံစစ်ပိုင်း အနည်းငယ်အားနည်းမှုရှိပြီး အဲဗာတန်နဲ့ကစားခဲ့တဲ့အိမ်ကွင်းပွဲမှာလည်း ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ရှုံးပွဲကြုံခဲ့ရတယ်။ လီဗာပူးက ဒီပွဲမတိုင်ခင်ရက်သိပ်မခြားဘဲ အမှတ်ပေးပွဲမှာ စပါးနဲ့ရင်ဆိုင်ခဲ့ရတာကြောင့် ပွဲပန်းမှုရှိလာနိုင်ပေမယ့် ရှန်းအားကောင်းမွန်နေသလို ဂိုးသွင်းခြေလည်းရှိတာကြောင့် ခရစ္စတယ်ပဲလေ့စ်ခံစစ်ကို ဖိအားပေးနိုင်မှာပါ။

ဗီလာ - လက်စတာ 15-2-15 (7:00 PM)

အက်စ်တွန်ဗီလာဟာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိပါဘူး။ ပရီမီယာလိဂ်မှာ ၂၃ ပွဲကစားပြီး တန်းဆင်းဇုန်နဲ့ ကပ်နေပါတယ်။ ဒ့ါအပြင်နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ် ငါးပွဲမှာလည်းနိုင်ပွဲလုံးဝမရရှိခဲ့ပါဘူး။ လက်စတာကခံစစ်ပိုင်း အားနည်းမှုတွေများနေပြီး ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ကျူပီအာပြီးရင် ပေးဂိုးအများဆုံးအသင်းအဖြစ်ရပ်တည်နေပါတယ်။

ဘရက်ဖို့ဒ် - ဆန်းဒါးလန်း 15-2-15 (9:00 PM)

လိဂ်ဝမ်းကလပ်ဘရက်ဖို့ဒ်စီးတီးဟာ အိမ်ကွင်းမှာ ကစားပုံမာကျောမှုရှိသလို စတုတ္ထအဆင့်ပွဲစဉ်မှာလည်းချယ်လ်ဆီးကို အနိုင်ရရှိခဲ့တဲ့အသင်းမို့ ဆန်းဒါးလန်း အလွယ်တကူနဲ့ကစားနိုင်ဖို့ခက်တယ်။ ဒါပေမယ့် ဆန်းဒါးလန်းအသင်းဟာ နောက်ပိုင်းပွဲတွေမှာခြေစွမ်းတည်ငြိမ်နေသလို ဂိုးသွင်းခြေလည်း ရနေတယ်။

အာဆင်နယ်-မစ်ဒယ်ဘရော့ 15-2-15 (10:30 PM)

အာဆင်နယ်ဟာ အိမ်ကွင်းမှာအကောင်းဆုံးရလဒ်ရရှိဖို့ အားစိုက်လာမှာဖြစ်သလို ဒီပွဲမတိုင်ခင် ကစားခဲ့ရတဲ့ အမှတ်ပေးပွဲမှာလည်း လက်စတာနဲ့သာ ရင်ဆိုင်ခဲ့ရတာကြောင့် ပွဲပန်းမှု သိပ်မရှိနိုင်ဘူး။ လိဂ်ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့ကလည်း ခြေစွမ်းကောင်းမွန်ပြီး စတုတ္ထအဆင့်မှာမန်စီးတီးကို အနိုင်ယူနိုင်ခဲ့တဲ့အသင်းမို့ အာဆင်နယ်အနည်းငယ်ရှန်းကန်ရနိုင်တယ်။

ပရက်စတန်-မန်ယူ 17-2-15 (2:15 AM)

လိဂ်ဝမ်းကလပ်ပရက်စတန်က ခြေအနည်းငယ်ကျနေတယ်။ ဒါပေမယ့် မန်ယူနဲ့ ဆုံတွေ့မှုတွေမှာ မန်ယူကိုအခက်တွေ့စေခဲ့တဲ့ အစဉ်အလာရှိတယ်။ မန်ယူကအဝေးကွင်းမှာ ကိန်းဘရစ်ချ်ကိုတောင် သရေသာကစားနိုင်ခဲ့တယ်။

ရှိုင်းမင်းမင်း

အားကစားသတင်းတိုများ

ငွေကြယ်

- ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းမှ တိုက်စစ်မှူး အန်ဒီကာရိုးသည် ဆောက်သမ်တန်အသင်းနှင့် ဂိုးမရှိသရေဖြစ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဒူးဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် သီတင်းပတ်ပေါင်းများစွာ အနားယူရမည်ဖြစ်ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းသည် ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ် ပထမအကျော့တွင် ဗီလာရီးယဲလ်အား မက်ဆီ၊ အင်နီယေစတာ၊ ပီကေးတို့၏ သွင်းဂိုးများဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၁၀ ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည့် စံချိန်တင်နိုင်ခဲ့သည်။
- ဒေါ့မွန်အသင်းအနေဖြင့် ကွင်းလယ်ကစားသမား မာကိုရုစ်အား စာချုပ်သစ်ချုပ်ဆိုထားသော်လည်း မန်ယူအသင်းကမူ အဆိုပါဂျာမနီကွင်းလယ်ကစားသမား မာကိုရုစ်အား ခေါ်ယူစာချုပ်ရန် အခွင့်အရေးရရှိနိုင်သေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

YCDC Cup Open Golf Championship 2015 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာပီဂျီအေ (Myanmar PGA)နှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့မှကြီးမှူး၍ KBZ Bank Ltd. က အဓိကကူညီပံ့ပိုးသော YCDC Cup Open Golf Championship 2015 Presented by KBZ Bank ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဂျပန်လမ်းရှိ မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ဖေဖော်ဝါရီ ၂၅ မှ ၂၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအဆင့်အမျိုးသား(Handicap 0-12) အဆင့် ပြိုင်ပွဲတို့ ပါဝင်ပြီး စိန့်အင်ဒရူးဂေါက်စည်းမျဉ်းနှင့် ဒေသန္တရ ဥပဒေ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီးဆုများ ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသားအဆင့် ဂေါက်သီးရိုက်အားကစားသမားများသည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးငွေကျပ် ၂၀၀၀၀နှင့်အတူ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဥက္ကလာလမ်းနှင့်လေဆိပ်လမ်းထောင့် မရမ်းကုန်းမြို့နယ် ဖုန်း-၀၉-၇၃၀၈၀၁၁၂၊ ၀၉-၂၀၃၇၆၇၁ သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးနောက်ကျပေးသွင်းသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ပါ။ ပြိုင်ပွဲဝင်များ ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် Official Practice Round အား ဖေဖော်ဝါရီ ၂၃ နှင့် ၂၄ ရက် နေ့တစ်ဝက်အထိ ခွင့်ပြုထားမည်ဖြစ်ကြောင်းသိရသည်။ **(ဖိုးသော်ဇင်)**

ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာ့ဘော်လီဘောအားကစားသမားကောင်းများ ပေါ်ထွန်းလာရေးအတွက် ရည်ရွယ်၍ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်မှစတင်၍ ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက် ပန်းခြံကျောင်းလမ်းရှိ ကစားကွင်း၌ ကျင်းပခဲ့ရာ ယနေ့ (ဖေဖော်ဝါရီ ၁၂ ရက်)တွင် သရုပ်ပြယှဉ်ပြိုင်ကစားခြင်းနှင့် ဗိုလ်လုပွဲကို ကျင်းပသည်။

ဦးစွာ အသက် (၅၀)နှစ်အထက် မြန်မာ့လက်ရွေးစင်ဘော်လီဘောကစားသမားဟောင်းများနှင့် တပ်မတော်မှ ဘော်လီဘောလက်ရွေးစင်ကစားသမားဟောင်းများ ပါဝင်သောအဖွဲ့ကို အသင်းနှစ်သင်းခွဲကာ အဝါနှင့်အနီဟု သတ်မှတ်၍ သရုပ်ပြယှဉ်ပြိုင်ကြရာ အနီအသင်းက အဝါအသင်းကို သုံးပွဲ နှစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။ အနိုင်ရရှိသည့် အနီအသင်းသည် ဆုငွေကျပ် နှစ်သိန်းရရှိပြီး အဝါအသင်းမှာ ဆုငွေကျပ် တစ်သိန်းငါးသောင်းရရှိသည်။

ယင်းနောက် ဗိုလ်လုပွဲအဖြစ် လှိုင်မြို့နယ် (၁၃)ရပ်ကွက်အသင်းနှင့် မြောက်ဥက္ကလာပအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ လှိုင်မြို့နယ် (၁၃)ရပ်ကွက်အသင်းက မြောက်ဥက္ကလာပအသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

ထိုပြိုင်ပွဲများအပြီးတွင် ပထမဆုရရှိသည့် လှိုင်မြို့နယ် (၁၃)ရပ်ကွက်အသင်း၊ ဒုတိယဆုရရှိသည့် မြောက်ဥက္ကလာပအသင်း၊ တတိယဆုရရှိသည့် မန္တလာအသင်း၊ စတုတ္ထဆုရရှိသည့် ရာမညအသင်းတို့အား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဘော်လီဘောအသင်းမိသားစု လူမှုရေးအသင်းဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် တာဝန်ရှိသူအသီးသီးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထိုပြိုင်ပွဲကို DRAGON ONE Co.,Ltd. က အဓိကကူညီပံ့ပိုးပြီး ပထမဆု ကျပ်ရှစ်သိန်း၊ ဒုတိယဆု ကျပ်ခြောက်သိန်း၊ တတိယဆု ကျပ် လေးသိန်းနှင့် စတုတ္ထဆုကျပ်တစ်သိန်းတို့ကို ချီးမြှင့်ပေးခဲ့ကာ အကောင်းဆုံး ကစားသမားဆုရ မန္တလာအသင်းမှ စိုင်းမြတ်သူအား ကျပ်တစ်သိန်းနှင့် နေရာအလိုက်အကောင်းဆုံးဆုရ ကစားသမားများကိုလည်း ကျပ်ငါးသောင်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဋ္ဌေးအောင်(ကြေးမုံ)

အာဆင်နယ်ကစားသမားများဖြစ်သည့်

ဆန်းချက်ဇ်နှင့် ရမ်ဆေး ဒဏ်ရာပြင်းထန်စွာရရှိ

အင်္ဂလန်ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း၏ ချီလီတိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်သည် ပြီးခဲ့သည့်အင်္ဂါနေ့က လက်စတာစီးတီးနှင့် ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဒူးဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်းသိရသည်။

ဆန်းချက်ဇ်မှာ လက်စတာနောက်ခံလူ မက်သယူးအပ်ဆန်၏ ကြမ်းတမ်းသည့် ဖြတ်ထုတ်မှုကြောင့် ဘယ်ဒူးဒဏ်ရာရရှိခဲ့ပြီး ပွဲကစားချိန် ၆၈ မိနစ်တွင် ဂီရော့ဒ်နှင့် လူစားလဲခြင်းခံခဲ့ရသည်။ ဆန်းချက်ဇ်အနေဖြင့် ယင်းဒဏ်ရာကြောင့် ကာလအနည်းငယ် အနားယူ ရဖွယ်ရှိနေပြီး မိုနာကိုအသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်ရှုံးထွက်ပွဲစဉ်အပြင် အသင်း၏ ပရီမီယာလိဂ်ပွဲစဉ်အချို့ လွဲချော်ဖွယ်ရှိနေသည်။

ဆန်းချက်ဇ်မှာ ပြီးခဲ့သည့်ရက်အနည်းငယ်က တံကောက်ကြောဒဏ်ရာ ပြန်လည်သက်သာလာခဲ့ပြီး အသင်းအတွက် ပါဝင်ကစားပေးခဲ့သော်လည်း ယခုကဲ့သို့ ပြင်းထန်သည့် ဒဏ်ရာတစ်ခု ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကွင်းလယ်ကစားသမား ရမ်ဆေးမှာလည်း ပွဲပြီးခါနီးတွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့ပြီး အသင်း၏ အရေးပါသည့် ပွဲစဉ်အချို့ကို ဆက်လက်လွဲချော်ရတော့မည်ဖြစ်သည်။ ဆေးစစ်ချက်အရ ၎င်း၏ ဒဏ်ရာမှာ နှစ်ပတ်ခန့်သာ အနားယူရဖွယ်ရှိနေသော်လည်း မစ်ဒယ်ဘရော့၊ စပါးတို့နှင့်ကစားမည့် အရေးကြီး ပွဲစဉ်နှစ်ပွဲကို သေချာပေါက်လွဲချော်ရတော့မည် ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက "ကျွန်တော်တို့ လုံးဝကံမကောင်းခဲ့ပါဘူး။ ဒီပွဲကို အနိုင်ရရှိခဲ့ပေမယ့် အသင်းရဲ့အဓိကကစားသမားနှစ်ယောက် ဒဏ်ရာရရှိသွားခဲ့တာကြောင့် ရှေ့လာမယ့်ပွဲစဉ်တွေမှာ အခက်တွေ့ရဖို့ရှိနေပါတယ်။ ဒဏ်ရာပြဿနာတွေက ဒီအသင်းအတွက် အထူးအဆန်းမဟုတ်ပေမယ့် နောက်ပွဲစဉ်တွေအတွက် အခက်အခဲမရှိနိုင်ဘူးလို့တော့ အတိအကျမပြောနိုင်ပါဘူး။ ဒါဟာ အသင်းအတွက် တကယ်ကြီးမားတဲ့ ထိုးနှက်ချက်တစ်ရပ်ပါ"ဟု ပြောကြားခဲ့သည်။ **(ကိုရဲ)**

အားကစားမြင့်တင် စိတ်လန်းရွှင်

စမောလင်းခြေစွမ်းပြပြီး မန်ယူက ဘန်လေကို အနိုင်ရသော်လည်း ဗန်ဟားလ်မပျော်ရွှင်

မန်ယူအသင်းနည်းပြ လူးဝစ်ဗန်ဟားလ်က မန်ယူအသင်းအနေဖြင့် ဘန်လေကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ယူပြီး တတိယနေရာထိ တက်လှမ်းလာနိုင်ခဲ့သော်လည်း အသင်း၏ကစားဟန်အခင်းအကျင်းကြောင့် မပျော်ရွှင်ဟု ဆိုခဲ့သည်။

ယင်းပွဲစဉ်တွင် စမောလင်းနှင့်ဗန်ပါစီတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သော်လည်း ပထမပိုင်းတွင် ဘန်လေအသင်းမှ ဒန်နီအင်းစ်၏ သွင်းဂိုးတစ်ဂိုးကို ခွင့်ပြုခဲ့ရသည်။ မန်ယူနောက်တန်းမှာ ပွဲချိန်တစ်လျှောက် အမှားအယွင်းများခဲ့ပြီး အင်းစ်အနေဖြင့် သေချာပေါက်အခွင့်အရေးနှစ်ကြိမ်ခန့်ကို ဖြုန်းတီးခဲ့၍သာ မန်ယူအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဗန်ဟားလ်အနေဖြင့်လည်း ဝက်စ်ဟမ်းအား သရေသာကစားနိုင်ခဲ့သည့်ပွဲ၌ အသုံးပြုခဲ့သော တိုက်စစ်ကစားသမား ခြောက်ဦး (ကွင်းလယ်၊ ရှေ့တန်း)သာ ထပ်မံအသုံးပြုခဲ့ရာ ယခင်ပွဲအတိုင်းပင် ခြေစွမ်းမပြနိုင်ခဲ့ဘဲ စမောလင်း၏သွင်းဂိုး နှစ်ဂိုးဖြင့်သာ အသက်ရှူချောင်ခဲ့ခြင်းဖြစ်သည်။

ဗန်ဟားလ်က "ဒီနေ့ကစားဟန်ကို ကျွန်တော်မကြိုက်ပါဘူး၊ ကျွန်တော်တို့ အသင်းအနိုင်ရခဲ့ပြီး ရလဒ်ကလည်း တကယ့်ထိပ်တန်းပါပဲ၊ ဒါပေမယ့် ပွဲစဉ်တစ်လျှောက်လုံးကို သုံးသပ်ကြည့်ရင်တော့ စိတ်ညစ်စရာပါ၊ ဒါကြောင့် ပွဲစဉ်တိုင်း တစ်ပွဲထက် တစ်ပွဲ ပိုကောင်းစေချင်တဲ့ ကျွန်တော့်ဆန္ဒအရ ကောင်းမွန်တဲ့ အခင်းအကျင်းမရှိရင်တော့ တိုးတက်လာတယ်လို့ မဆိုနိုင်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်ကစားသမားတွေကိုပြောချင်တာက အချိန်ကိုက်ဂိုးသွင်းနိုင်ခဲ့ပြီး ပထမပိုင်းမှာ ကံတရားရဲ့ဖေးမမှုကို ရရှိခဲ့တယ်။ ဒုတိယပိုင်းမှာတော့ ကစားဟန်အနည်းငယ်ပြန်ကောင်းလာပေမယ့်လည်း လိုချင်တဲ့အဆင့်ထိရောက်အောင် မကစားနိုင်ခဲ့ဘူး၊ ကစားပုံမကောင်းဘဲ နိုင်တဲ့အနိုင်ထက်စာရင် ကောင်းမွန်တဲ့ အသင်းစုဖွဲ့မှုကိုသာ ပိုပြီးအလိုရှိပါတယ်" ဟု ဆိုခဲ့သည်။

အဆိုပါပွဲတွင် တိုက်စစ်မှူးသုံးဦးဖြစ်သော ဝိန်းရွန်းနီ၊ ဗန်ပါစီ၊ ဖယ်လ်ကာအိုတို့ ခြေစွမ်းမပြနိုင်ခဲ့ကြဘဲ ဒီမာရီယာ၊ ဂျာနျူဇက်တို့ကသာ တိုက်စစ်ကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ခဲ့သည်။

ထို့ပြင် ဂိုးသမား ဒီဂီယာနှင့် စမောလင်းတို့နှစ်ဦး ကောင်း၍သာ အိမ်ကွင်းတွင် ဘန်လေကိုအနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် မန်ယူအနေဖြင့် ယင်း နိုင်ပွဲကြောင့် ဆောက်သမ်တန်နှင့် အာဆင်နယ်တို့အထက် တတိယနေရာအထိ တက်လှမ်းလာနိုင်ခဲ့ကာ ဦးဆောင်သူ ချယ်လ်ဆီးထက် ၁၂ မှတ် လျော့နည်းနေ ဆဲပင်ဖြစ်သည်။ **(မေလွဲသင်း)**

© EPA

အိုင်အက်စ်အဖွဲ့၏ ရန်ပုံငွေစီးကြောင်းဖြတ်တောက်ရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တွင်ဖော်ပြ

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၂

အိုင်အက်စ်စစ်သွေးကြွအဖွဲ့ထံသို့ ရန်ပုံငွေများ မရောက်ရှိစေရေးအတွက် ထိန်းချုပ်သွားရန် ဖော်ပြသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရေနံရောင်းချခြင်း၊ ရှေးဟောင်းပစ္စည်းများ မှောင်ခိုထုတ်ခြင်း၊ ပြန်ပေးရွေးငွေများ တောင်းခံခြင်း စသည့် နည်းလမ်းများဖြင့် အိုင်အက်စ်အဖွဲ့ ဝင်ငွေရှာနိုင်ခြင်း မရှိစေရန်ရည်ရွယ်လျက် ယင်းအဖွဲ့၏ ဘဏ္ဍာရေးစီးကြောင်းများကို ဖြတ်တောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မူကြမ်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံက ပထမအဆင့်မူကြမ်းရေးဆွဲပေးခဲ့သော အဆိုပါ ဆုံးဖြတ်ချက်သည် အိုင်အက်စ်အဖွဲ့၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်ကျော်လွှားနိုင်စေရန် ရည်ရွယ်သည်။ အိုင်အက်စ်အဖွဲ့သည် လွန်ခဲ့သည့် တစ်နှစ်ခန့်မှစ၍ အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့၏ ဒေသအချို့ကို သိမ်းပိုက်ခဲ့ပြီး အစ္စလာမ့်စ်နိုင်ငံတော်အဖြစ် တစ်ဖက်သတ် ထူထောင်ခဲ့သည်။

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့နှင့် ပတ်သက်နေသော ယဉ်ကျေးမှုလက်ရာပစ္စည်းများအား ကုန်သွယ်ခြင်းမှ တားဆီးကာကွယ်ကြရန်၊ အိုင်အက်စ်အဖွဲ့နှင့် သက်ဆိုင်နေသော အနုပညာမြောက်ရှေးဟောင်းပစ္စည်းများနှင့် ရေနံများဝယ်ယူခြင်းမှ ရှောင်ရှားကြရန် ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံအား တိုက်တွန်းကြောင်း လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မူကြမ်းတွင် ဖော်ပြထားသည်။

ပီတီအိုင်။

ယူကရိန်းငြိမ်းချမ်းရေးလမ်းပြမြေပုံ သဘောတူညီမှုရရှိ

မင့်(ခ်) ဖေဖော်ဝါရီ ၁၂

ဘယ်လာရုစ်နိုင်ငံ၌ မရပ်မနား ဆွေးနွေးညှိနှိုင်းကြပြီးနောက် ယူကရိန်းနိုင်ငံအတွင်း တိုက်ပွဲများရပ်ဆိုင်းသွားစေရန် ရည်ရွယ်သည့် သဘောတူညီချက်ကို ရရှိလိုက်ပြီဖြစ်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရုရှား၊ ယူကရိန်း၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့မှ ခေါင်းဆောင်များက ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ အပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ယင်းသဘောတူညီချက်တွင် လက်နက်ကြီးများကို စစ်ပွဲဇုန်အတွင်းမှ ရုပ်သိမ်းရေးနှင့် အကျဉ်းသားများ အပြန်အလှန်လဲလှယ်ရေးတို့ ပါဝင်သည်။ သို့သော် အဓိကပြဿနာများဖြေရှင်းရန် ကျန်ရှိနေသေးသည်ဟုဆိုသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ရုရှားလိုလားသော သူပုန်များက ၎င်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ရုရှားသမ္မတ ပူတင်က မင့်(ခ်)မြို့၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲအပြီး ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့သည်။

မင့်(ခ်)မြို့၌ ၁၇ နာရီကြာ ဆွေးနွေးညှိနှိုင်း၍ ရရှိခဲ့သော သဘောတူညီချက်တွင် ဖေဖော်ဝါရီ ၁၅ ရက် ၀၀ နာရီမှ စတင်၍ အပစ်အခတ်ရပ်စဲရန်-

-စစ်ပွဲဇုန်အတွင်းမှ လက်နက်ကြီးများကို ရုပ်သိမ်းရန်၊ ဖေဖော်ဝါရီ ၁၇ ရက်မှစတင်၍ ရက်သတ္တနှစ်ပတ်အတွင်း အပြီးဆောင်ရွက်ရန်၊

-အကျဉ်းသားအားလုံးကို လွှတ်ပေးရန်၊ တိုက်ပွဲအတွင်းပါဝင်သူအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်၊

-ယူကရိန်းနယ်မြေအတွင်းမှ နိုင်ငံခြားလက်နက်ကိုင်တပ်ဖွဲ့များ၊ လက်နက်များနှင့် ကြေးစားစစ်သားများ ရုပ်သိမ်းကြရန်၊

-ယူကရိန်းက ကန့်သတ်ချက်များကို ရုပ်သိမ်း၍ သူပုန်နယ်မြေအတွင်း သာမန်အရပ်သားဘဝများ စတင်ခြင်းကို ခွင့်ပြုရန်၊

-၂၀၁၅ခုနှစ်တွင် သူပုန်ဒေသများ၌ ဗဟိုချုပ်ကိုင်မှုများ ဖြေလျှော့ရန်အတွက် အခြေခံဥပဒေကိုပြင်ဆင်ရန်၊

-၂၀၁၅ ခုနှစ်ကုန်တွင် စည်းကမ်းသတ်မှတ်ချက်များကို မဖြည့်ဆည်းနိုင်ခဲ့လျှင် ရုရှားနှင့်နယ်စပ်ဒေသကို ယူကရိန်းက ထိန်းချုပ်ရန်တို့ ပါဝင်သည်။

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်တို့က ကြာသပတေးနေ့တွင် ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲတွင် အဆိုပါသဘောတူညီချက်ကို ထောက်ခံရန် ဥရောပသမဂ္ဂမဟာမိတ်များကို တိုက်တွန်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဘီဘီစီ။**

အစ္စရေးစားသောက်ကုန်ကုမ္ပဏီများ၏ ထုတ်ကုန်များအား သပိတ်မှောက်ကြရန် ပါလက်စတိုင်း ဖတာအဖွဲ့ လှုံ့ဆော်

ရာမာလာ ဖေဖော်ဝါရီ ၁၂

အနောက်ဘက်ကမ်းဒေသ ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် သမ္မတမိုဟာမက် အဘတ်စ်၏ ဖတာလှုပ်ရှားမှုအဖွဲ့မှ တက်ကြွလှုပ်ရှားမှုများက အစ္စရေးအစားအစာထုတ်လုပ်သော ကုမ္ပဏီခြောက်ခု၏ ထုတ်ကုန်ပစ္စည်းများအား ပါလက်စတိုင်းလူမျိုးများက သပိတ်မှောက်ကြရန် စည်းရုံးလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံသည် မကြာသေးမီက ပါလက်စတိုင်းအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ထံသို့ ရောင်းခွန်ဝင်ငွေ လွှဲပြောင်းပေးအပ်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ခြင်းကို တုံ့ပြန်သည့်အနေဖြင့် အဆိုပါလှုပ်ရှားမှုကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပါလက်စတိုင်း တက်ကြွလှုပ်ရှားသူများက ပြောကြားသည်။

ပါလက်စတိုင်း အာဏာပိုင်အဖွဲ့က အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးနှင့် ပူးပေါင်းကာ အစ္စရေးနိုင်ငံအား စစ်ရာဇဝတ်မှုများဖြင့် စွဲချက်တင်နိုင်ရေး လုပ်ဆောင်မှုဖြစ်ပေါ်အပြီးတွင် အစ္စရေးက ယင်းသို့ တုံ့ပြန်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းလှုပ်ရှားမှုနှင့် ပတ်သက်၍ ဖတာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မိုဟာမက်အလိုအိုလ်က ပြောကြားရာ၌ ပါလက်စတိုင်းဈေးဆိုင်ပိုင်ရှင်များအနေဖြင့် ရက်သတ္တနှစ်ပတ်အတွင်း ၎င်းတို့၏ ဆိုင်များ၌ အစ္စရေးထုတ်ကုန်ပစ္စည်းကို ရှင်းလင်းဖယ်ရှားရန်နှင့် ရက်သတ္တနှစ်ပတ်ကျော်ပါက အစ္စရေးစားသောက်ကုန်ပစ္စည်းများကို သိမ်းဆည်းမည်ဟု သတိပေးထားသည်။

ဘီဘီစီ။

နိုင်ဂျာတွင် ဖေဖော်ဝါရီ ၆ ရက်မှစပြီး ဘိုကိုဟာရမ် ၂၆၀ ခန့် ချေမှုန်းနိုင်ခဲ့

နီယာမေ ဖေဖော်ဝါရီ ၁၂

ဘိုကိုဟာရမ်စစ်သွေးကြွများက ဖေဖော်ဝါရီ ၆ ရက်တွင် နိုင်ဂျာနိုင်ငံအရှေ့တောင်ပိုင်း ဒါဖာမြို့ကို စတင်တိုက်ခိုက်ခဲ့သည့်အချိန်မှစပြီး နိုင်ဂျာလုံခြုံရေးအဖွဲ့များက ဘိုကိုဟာရမ်စစ်သွေးကြွများအား သုတ်သင်ရှင်းလင်းလျက်ရှိရာ စစ်သွေးကြွပေါင်း ၂၆၀ ခန့်ချေမှုန်းနိုင်ခဲ့ပြီဖြစ်ကြောင်း နိုင်ဂျာလုံခြုံရေးအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူကပြောသည်။

စစ်သွေးကြွတချို့ကို လက်နက်များနှင့်တကွဖမ်းဆီးထားကြောင်း ၎င်းကဆက်လက်ပြောသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများက အစွမ်းကုန်တိုက်ခိုက်နေသော်လည်း အခြေအနေကို ထိန်းသိမ်းနိုင်ကြောင်းနှင့် နိုင်ဂျာပြည်သူများ၏ လုံခြုံရေးကို တာဝန်ယူပါကြောင်း ၎င်းကဆိုသည်။ **ရိုက်တာ။**

စစ်ပွဲများအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုဌာန ဂျိုလီ ဖွင့်လှစ်

လန်ဒန် ဖေဖော်ဝါဒီ ၁၂

ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီက ဗြိတိန်နိုင်ငံတွင် ဖွင့်လှစ်ခဲ့သည့် အမျိုးသမီးများအကာအကွယ်ပေးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာများ လေ့လာရေး ဗဟိုဌာနသည် အီရတ်နိုင်ငံတွင် သူတွေ့ခဲ့ရသော အိုင်အက်စ်စစ်သွေးကြွများ၏ လိင်ကျေးကျွန်ဖြစ်ခဲ့ရသည့် အီရတ်ဆယ်ကျော်သက်မိန်းကလေးတစ်ဦးကဲ့သို့သော မိန်းကလေးသန်းပေါင်းများစွာအတွက် အထောက်အပံ့ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စစ်ပွဲဇုန်များအတွင်း အမျိုးသမီးများလိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုများမှ ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့်ဗဟိုဌာနကို လန်ဒန်မြို့စီးပွားရေးကျောင်းတွင် အင်္ဂါနေ့က ဖွင့်လှစ်ခဲ့ပြီး ဗြိတိန်နိုင်ငံတွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့် ဗဟိုဌာနဖြစ်သည်။

ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီ ဇန်နဝါရီလအတွင်းက အီရတ်နိုင်ငံသို့ သွားရောက်ခဲ့စဉ်က ဒုက္ခသည်များနှင့် တွေ့ဆုံစဉ်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ အထူးသံတမန်တစ်ဦးဖြစ်သည့် ဂျိုလီသည် မကြာသေးမီက အီရတ်နိုင်ငံမြောက်ပိုင်းသို့ သွားရောက်ခဲ့ပြီး အိုင်အက်စ်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေအိမ်များစွန့်ခွာထွက်ပြေးလာကြရသည့် ဒုက္ခသည်သန်းပေါင်းများစွာနှင့် တွေ့ဆုံခဲ့သည်။

"လွန်ခဲ့တဲ့သုံးပတ်လောက်က ကျွန်မအီရတ်မှာ တွေ့ခဲ့တဲ့(၁၃)နှစ်အရွယ်မိန်းကလေးတစ်ယောက်ဆိုရင် အိုင်အက်စ်စစ်သွေးကြွတွေက ဖမ်းသွားခဲ့ပြီး အကြိမ်ကြိမ်အခါခါ အဓမ္မပြုကျင့်တာခံခဲ့ရပါတယ်။ သူ့အရွယ်လေးနဲ့ ကျောင်းတက်နေရမယ့်အစား ယာယီရွက်ဖျင်တဲထဲမှာ ထိုင်နေရရှာတယ်။ အခုတော့ သူ့ပညာရေးက ဘယ်တော့မှ ဆုံးခန်းတိုင်မှာ မဟုတ်တော့ဘူးလေ။ဘာဖြစ်လို့လဲဆိုတော့ သူတို့အသိုင်းအဝိုင်းမှာ အဲဒီလိုအဓမ္မပြုကျင့်ခံထားရတဲ့သူကို ဝိုင်းပယ်ထားကြသလို ရှက်စရာတစ်ခုလို့လည်း ယူဆထားကြတယ်။ ကျွန်မစိတ်ထဲမှာ အဲဒီလို မိန်းကလေးတွေ အတွက် ဒီနေ့ကစပြီး တစ်ခုခုလုပ်ပေးချင်တာပါပဲ" ဟု ဂျိုလီက ပြောကြားသည်။

ဟောလိဝုဒ်သရုပ်ဆောင်၊ ဒါရိုက်တာနှင့် နိုင်ငံတကာအမျိုးသမီးအခွင့်အရေးလှုပ်ရှားသူဂျိုလီနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဝီလျံဟိဂ်တို့သည် ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုများမှ ကာကွယ်စောင့်ရှောက်ရန် သုံးနှစ်ခန့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

သည်ဂါးဒီးယန်။

စိမ့်မြေများတွင် ဆောက်လုပ်ရေးလုပ်ငန်းများ တားမြစ်သည့်ဥပဒေ ပနားမားသမ္မတ လက်မှတ်ရေးထိုး

ပနားမားစီးတီး ဖေဖော်ဝါရီ ၁၂

ပနားမားသမ္မတ ဝွါန်ကားလို့စ်ဗာဒီလာသည် မြို့တော်ပနားမားစီးတီး၏ အပြင်ဘက်ရှိ စိမ့်မြေများတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ကြီးထွားလာခြင်းကို တားဆီးကာကွယ်ရန် ရည်ရွယ်သော ဥပဒေကြမ်းတစ်ခုကို ဖေဖော်ဝါရီ ၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ဖေဖော်ဝါရီ ၁၁ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဥပဒေသစ်က ဧက ၂၀၀၀၀ ကျယ်ဝန်းသော ပနားမားပင်လယ်အော်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ မပြုလုပ်ရန် တားမြစ်ပိတ်ပင်ထားသည်။

ယင်းစိမ့်မြေသည် ဟဲမစ်ဖီးယားဒေသအနောက်ပိုင်း၌ ရွှေ့ပြောင်းနေထိုင်သော ပင်လယ်ကမ်းခြေတွင် ကျက်စားသည့် ငှက်မျိုးစုံ၏ ဆောင်းခိုရာ အဓိကနေရာဖြစ်သည်။

မစ္စတာဗာဒီလာမတိုင်မီ သမ္မတက ထိုဒေသတွင် ဆောက်လုပ်ရေးစီမံကိန်းများ အကောင်အထည်ဖော်ခြင်းကို အားပေးခဲ့သည်။

ဖေဖော်ဝါရီ ၉ ရက်မှ စတင်၍ အာဏာသက်ဝင်မည့် ၎င်းဥပဒေသစ်သည် လမုပင်များပေါက်ရောက်ရာ ယင်းစိမ့်မြေတွင် သစ်ပင်များခုတ်လှဲခြင်း၊ မြေဆီလွှာများ ဖယ်ရှားခြင်းနှင့် အခြားမည်သည့် လုပ်ဆောင်ချက်များကို မဆို တားဆီးပိတ်ပင်ထားသည်။ **ဘီဘီစီ။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ (က)နှင့် အကျုံးဝင်သည့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုနိုင်ရေးအတွက် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး အတွက် ဤဥပဒေဖြင့် တာဝန်ပေးအပ်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်ထောင်စုကော်မရှင်ကို ဆိုသည်။

(ဃ) **ကော်မရှင်**အဖွဲ့ခွဲဆိုသည်မှာ ဤဥပဒေအရ ကော်မရှင်က ဖွဲ့စည်းတာဝန်ပေးအပ်သော ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဆိုသည်။

(င) **နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေး နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(စ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင် အဖွဲ့ခွဲကို ဆိုသည်။

(ဆ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဇ) **ခရိုင်ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ခရိုင်ကော်မရှင် အဖွဲ့ခွဲကို ဆိုသည်။

(ဈ) **မြို့နယ်ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မြို့နယ်ကော်မရှင် အဖွဲ့ခွဲကို ဆိုသည်။

(ည) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဋ) **နိုင်ငံသား**ဆိုသည်မှာ တည်ဆဲဥပဒေအရ မြန်မာနိုင်ငံသားဖြစ်ပြီး သူကို ဆိုသည်။

(ဌ) **သာသနာ့ဝန်ထမ်း**ဆိုသည်မှာ -

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာ သာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်နှင့် မယ်သီလတို့ကို ဆိုသည်။

ရှင်းလင်းချက်။ သာသနာ့ဝန်ထမ်းဟုဆိုရာတွင် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူသူများနှင့်လည်း ထိုသို့ခံယူထားဆဲကာလအတွက် သက်ဆိုင်စေရမည်။

(၂) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ထားပြီးသည့် ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော သို့မဟုတ် တာဝန်ပေးထားခြင်းခံရသော ပုဂ္ဂိုလ်ကို ဖြစ်စေ၊ မိမိတို့ကိုးကွယ်ရာ ဘာသာအရ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို မိမိဆန္ဒအလျောက်လက်ခံ၍ ဘာသာရေးစည်းမျဉ်းဖြင့် သို့မဟုတ် အမိန့်ဩဝါဒ်ပြုချက်ဖြင့် စည်းရုံးထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတွင်ပါဝင်သော ပုဂ္ဂိုလ်ကိုဖြစ်စေ ဆိုသည်။

(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် စံယာစီ၊ မဟန့် သို့မဟုတ် ဟိန္ဒူဘုန်းတော်ကြီးကို ဆိုသည်။

(ဍ) **ဆန္ဒခံယူပွဲဒေသ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးအတွက် ဆန္ဒမဲပေးရန် ကော်မရှင်က သတ်မှတ်ပေးသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကို ဆိုသည်။

(ဎ) **မဲစာရင်း**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် သတ်မှတ်ထားသော ဆန္ဒခံယူပွဲဒေသများတွင်ရှိသည့် ဆန္ဒမဲပေးခွင့်ရှိသူများ၏စာရင်းကို ဆိုသည်။

(ဏ) **မဲရုံအဖွဲ့**ဆိုသည်မှာ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းကို စုပေါင်းတာဝန်ယူဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသောအဖွဲ့ကို ဆိုသည်။

(တ) **မဲရုံမှူး**ဆိုသည်မှာ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသော မဲရုံအဖွဲ့၏ ခေါင်းဆောင်ကို ဆိုသည်။

(ထ) **ဆန္ဒမဲလက်မှတ်**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ဆန္ဒခံယူပေးရန် သတ်မှတ်ဖော်ပြထားသော ဥပဒေ ပုဒ်မတစ်ခုချင်းအလိုက် ဤဥပဒေအရ ကော်မရှင်က သတ်မှတ်ပေးသော ဆန္ဒမဲလက်မှတ်ကိုဆိုသည်။

(ဒ) **ကြိုတင်ဆန္ဒမဲလက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ကော်မရှင်က သတ်မှတ်ပေးသော ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဆိုသည်။

(ဓ) **ပယ်မဲ**ဆိုသည်မှာ အောက်ပါမဲလက်မှတ်များကိုဆိုသည်-

(၁) သတ်မှတ်ထားသည့် အမှတ်အသားမပါသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင် ဆန္ဒမဲလက်မှတ်၊

(၂) ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါရှိသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၃) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲ လက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၅) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၆) ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် မဲရုံအဖွဲ့က ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ် အတုဖြစ်ကြောင်း စိစစ်ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၇) တစ်နည်းနည်းဖြင့် ဖျက်ဆီး၍ မဲပုံးထဲထည့်ထားသည့် ဆန္ဒမဲလက်မှတ်၊

(၈) ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်။

အခန်း(၂)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း

၃။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုနိုင်ရေး အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရမည်။

(ခ) ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်သည့် ကာလအတွင်း အပြီးကျင်းပရမည်။

၄။ (က) ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပမည့်နေ့ရက်ကို အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်ကြေညာရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး အတွက် မိမိတို့၏ ဆန္ဒခံယူပွဲ ဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ၏ စာရင်းကို အနည်းဆုံး ၁၅ ရက် ကြိုတင်ကြေညာရမည်။

အခန်း(၃)

ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

၅။ (က) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပနိုင်ရေးနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကျင်းပရာတွင် ကြီးကြပ်နိုင်ရေးတို့အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ပြည်ထောင်စုကော်မရှင်အဖြစ် တာဝန်ယူ ဆောင်ရွက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တာဝန်ပေးအပ်ရမည်။ ယင်းသို့ တာဝန်ပေးအပ်ရာတွင် ကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် ဆောင်ရွက်ရမည့် အချိန်ကာလများကို သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသော ကော်မရှင်သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေအရ ဖွဲ့စည်းတာဝန်ပေးထားသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖြစ်စေ၊ အောက်ပါ ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်း၍ဖြစ်စေ တာဝန်ပေးအပ်နိုင်သည်-

(၁) နေပြည်တော်ကောင်စီနယ်မြေတွင် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော နေပြည်တော် ကောင်စီနယ်မြေကော်မရှင် အဖွဲ့ခွဲ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင် အဖွဲ့ခွဲ၊

(၄) ခရိုင်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ခရိုင်ကော်မရှင် အဖွဲ့ခွဲ၊

(၅) မြို့နယ်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော မြို့နယ် ကော်မရှင်အဖွဲ့ခွဲ၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုလျှင် အဖွဲ့ဝင် ၅ ဦးမှ ၂၀ ဦး အထိ ပါဝင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ။

အခန်း(၄)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခြင်း၊

(ခ) သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လိုအပ်သောလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း၊

(ဂ) ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဆန္ဒခံယူပွဲဒေသများကို သတ်မှတ်ကြေညာခြင်း၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် အချိန်ကာလသတ်မှတ်ပေးခြင်း၊

(စ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးနှင့်စပ်လျဉ်းသော စာရင်းဇယားပြုစုရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက အသုံးပြုမည့်ပုံစံ၊ တံဆိပ်များ၊ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ပေးခြင်း၊

(ဇ) ဆန္ဒမဲလက်မှတ်နှင့်ကြိုတင်ဆန္ဒမဲ လက်မှတ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အသီးသီးသို့ ထုတ်ပေးခြင်း၊

(ဈ) နိုင်ငံခြားရှိ ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာသံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးထံသို့ ပေးပို့ခြင်း၊

(ည) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးသည့်အခါ စာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏ နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့် ကြေညာခြင်း၊ အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဋ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် အခြားလိုအပ်သော ကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၇။ နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင် အဖွဲ့ခွဲတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မရှင်၏ညွှန်ကြားချက်နှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များကို ကော်မရှင်သို့ အစီရင်ခံခြင်း၊

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက မြို့နယ်အလိုက်ပေးပို့သော ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို ကော်မရှင်သို့ ကြိုတင်ပေးပို့ခြင်း၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသည့်အခါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီး ဆန္ဒမဲပေးခွင့်ရှိသူစာရင်း၊ ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့်ပယ်မဲများကို ခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး ကော်မရှင်သို့ပေးပို့ခြင်း။

၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သော ဆန္ဒမဲ လက်မှတ်နှင့် ကြိုတင်ဆန္ဒမဲ လက်မှတ်များကို ကော်မရှင်မှ တောင်းခံခြင်းနှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲများသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ကော်မရှင်၊ နေပြည်တော်ကောင်စီနယ်မြေ ကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

၉။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

(ဆ) ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ ဆန္ဒခံယူပွဲဒေသများအလိုက် မဲစာရင်းများကို ထုတ်ပြန်ကြေညာခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊ အတည်ပြုပြီးသော ဆန္ဒမဲပေးခွင့်ရှိသူစာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်ပေးပို့ခြင်း၊

(ဃ) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများအတွက် လိုအပ်သောဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ တောင်းခံခြင်းနှင့် ဆန္ဒခံယူပွဲ ဒေသအလိုက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့ပါ အဖွဲ့များသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(င) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများ၌ ဆန္ဒမဲပေးရမည့် နေ့ရက်များကို ကြေညာခြင်း၊

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီး ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့်ပယ်မဲများကို ခွဲခြား၍ စာရင်းပြုစုပြီး နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ အစီရင်ခံခြင်း၊ မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဆ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်း၊ မိတ္တူကို ကော်မရှင်၊ နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဇ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သော ကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကျင်းပသော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် မဲစာရင်းကိုပြုစုပြီး သက်ဆိုင်ရာ မြို့နယ် ကော်မရှင် အဖွဲ့ခွဲသို့ အတည်ပြုရန် တင်ပြခြင်းနှင့် အတည်ပြုပြီးသော မဲစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဆန္ဒခံယူပွဲဒေသရှိ မဲရုံနယ်မြေနှင့် တည်နေရာများကို သတ်မှတ်ကြေညာခြင်းနှင့် မဲရုံ အဖွဲ့ဝင်များနှင့် မဲရုံမှူးများကို ခန့်ထားခြင်း၊

ခြွင်းချက်။ ခန့်ထားသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တစ်ဦးဦးသည် ဆန္ဒခံယူပွဲကျင်းပသော နေ့ရက်တွင် အကြောင်းတစ်စုံတစ်ရာကြောင့် ပေးအပ်သောတာဝန်ကို ဆောင်ရွက်ခြင်း မပြုနိုင်လျှင်ဖြစ်စေ၊ လစ်လပ်လျှင်ဖြစ်စေ ရပ်ရွာက ကြည်ညိုလေးစားခြင်းခံရသည့် သင့်လျော်သော နိုင်ငံသားတစ်ဦးဦးကို အစားထိုးတာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းကိုမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရရှိသောဆန္ဒမဲလက်မှတ်နှင့်ကြိုတင်ဆန္ဒမဲလက်မှတ်များကို မဲရုံအဖွဲ့များသို့ လုံလောက်စွာခွဲဝေပေးခြင်း၊

(င) မဲပုံးများကို သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ခြင်း၊

(စ) မဲရုံအသီးသီးရှိ မဲပုံးများကို ယင်းမဲရုံ၌ပင်ဖွင့်ပြီး ဆန္ဒမဲများရေတွက်ရာတွင် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ခြင်း၊

(ဇ) မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်း၊

(ဈ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သော ကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

အခန်း(၅)
မဲစာရင်းများပြုစုခြင်း

၁၁။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော အောက်ပါပုဂ္ဂိုလ်များ၏ အမည်များကို မဲစာရင်းတွင် ထည့်သွင်းနိုင်ခွင့်ရှိသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံတမန်များ၊ သံအဖွဲ့ဝင်များ၊ ကောင်စစ် အဖွဲ့ဝင်များနှင့် ယင်းတို့နှင့် အတူနေထိုင်သော မိသားစုဝင်များ၊

(၂) တပ်တွင်းတွင်နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်လိုက်ပါနေထိုင်သော မိသားစုဝင်များနှင့် မှီခိုသူများ၊

(၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြင်ပ၌ အလုပ်ဝတ္တရားဆောင်ရွက်ရန် အစိုးရက ခန့်အပ်ထားခြင်းခံရသူများနှင့် ယင်းတို့နှင့်အတူ လိုက်ပါနေထိုင်သော မိသားစုဝင်များ၊

(၄) နိုင်ငံခြားသို့ရောက်ရှိနေသော အစိုးရပညာတော်သင်များနှင့် ယင်းတို့နှင့်အတူ လိုက်ပါနေထိုင်သော မိသားစုဝင်များ၊

(၅) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားတွင်ရောက်ရှိနေသော အခြားပုဂ္ဂိုလ်များ၊

(၆) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံအသီးသီးတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများ။

ရှင်းလင်းချက်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံဆိုသည်မှာ ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားရန် အစိုးရက ဖွင့်လှစ်ထားသော သို့မဟုတ် အသိအမှတ်ပြုထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများကိုဆိုသည်။ ယင်းစကားရပ်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းများ၊ လူမှုရေးကျောင်းများနှင့်ဂေဟာများ၊ တပ်မတော်က ဖွင့်လှစ်သော တက္ကသိုလ်များနှင့် ကျောင်းများလည်း ပါဝင်သည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများတွင် ပညာသင်ကြားနေသော ကျောင်းသူ ကျောင်းသားများအနက် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံဖွင့်လှစ်ထားသည့်ဒေသရှိ မဲစာရင်းတွင်ပါရှိသော ကျောင်းသူ၊ ကျောင်းသားများမှအပ အခြားဒေသမှ လာရောက်ပညာသင်ကြားနေသော ကျောင်းသူ ကျောင်းသားများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးခွင့်ရှိသည်။

(၇) ဆေးရုံသို့ တက်ရောက်နေသော အတွင်းလူနာများနှင့် ယင်းတို့အား ပြုစုစောင့်ရှောက် နေသော တာဝန်ကျဝန်ထမ်းများ၊

(၈) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက် စခန်းမှခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများ၊

(၉) ရဲစခန်းများနှင့် အကျဉ်းထောင်များရှိ အချုပ်သားများ။

(ဂ) မဲစာရင်းပြုစုရာတွင် အမြဲတမ်းနေထိုင်သည့် ဆန္ဒခံယူပွဲဒေသမှ အခြားဆန္ဒခံယူပွဲ ဒေသတစ်ခုသို့ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက် ကျော်လွန်သည်အထိ ယာယီလာရောက် အလုပ်လုပ်ကိုင်သူများကို ရောက်ရှိနေသော ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်းတွင် ထည့်သွင်းနိုင်သည်။ ထိုပုဂ္ဂိုလ်များ၏ အမည်စာရင်းကို မူလနေထိုင်ရာ ဆန္ဒခံယူပွဲဒေသရှိ မဲစာရင်းမှပယ်ဖျက်ရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များကို မဲစာရင်းတွင် ထည့်သွင်းခြင်းမပြုရ -

(၁) သာသနာ့ဝန်ထမ်းများ၊

(၂) သက်ဆိုင်ရာ ဥပဒေအရ စိတ်ပေါ့သွပ်နေသည်ဟု သတ်မှတ်ခြင်းခံရသူများ၊

(၃) ပြစ်မှုတစ်ခုခုကြောင့် တရားရုံး၏ အမိန့်၊ စီရင်ချက်အရ ထောင်ဒဏ်ကျခံ နေရသူများ၊

(၄) ပြည်ပသို့ တရားမဝင်ရောက်ရှိနေသူများ၊

(၅) နိုင်ငံခြားသားများ။

၁၂။ (က) မဲစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက မိမိတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ပြုစုရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သော ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဆန္ဒမဲ ပေးခွင့်ရှိသူတိုင်း၏ အမည်ကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ မဲစာရင်းပြုစုသည့်အခါ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များ၏ အမည်ကို ယင်းတို့နေထိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မဲစာရင်း၌ ထည့်သွင်းခြင်းမပြုရ။ အကယ်၍ ယင်းမဲစာရင်းတွင် ပါရှိနေလျှင် ထိုသူ၏ အမည်ကို မဲစာရင်းမှ ထုတ်ပယ်ရမည်။

(ဃ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် အကျုံးဝင်သူများအတွက် မဲစာရင်းပြုစုရာတွင် ကော်မရှင်က ညွှန်ကြားသည့်အတိုင်း သင့်လျော်သော အဖွဲ့ဝင်အရေအတွက်ဖြင့် ဖွဲ့စည်းသည့် အောက်ပါအဖွဲ့များက ပြုစုရမည်-

(၁) နိုင်ငံခြားတွင်ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ယင်းတို့နှင့်အတူ နေထိုင်သော မိသားစုဝင်များအတွက် သက်ဆိုင်ရာသံရုံးအကြီးအမှူးနှင့် အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးနှင့်အဖွဲ့၊

(၂) တပ်တွင်းတွင် နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့် နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့် ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့် လိုက်ပါနေထိုင်သော မိသားစုဝင်များနှင့် မှီခိုသူများအတွက် သက်ဆိုင်ရာ တပ်မှူးနှင့်အဖွဲ့၊

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံအသီးသီးတွင် ပညာသင်ကြားလျက်ရှိကြသော ကျောင်းသူ၊ ကျောင်းသားများအတွက် တက္ကသိုလ်ဖြစ်လျှင် သက်ဆိုင်ရာတက္ကသိုလ် ပါမောက္ခချုပ်နှင့်အဖွဲ့၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံဖြစ်လျှင် သက်ဆိုင်ရာကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ လူမှုရေးကျောင်းဖြစ်လျှင် ယင်းကျောင်း၏ အကြီးအမှူးနှင့်အဖွဲ့၊ ဂေဟာဖြစ်လျှင် ဂေဟာမှူးနှင့်အဖွဲ့၊

(၄) ဆေးရုံသို့ တက်ရောက်နေသော အတွင်းလူနာများ၊ ယင်းတို့အား ပြုစုစောင့်ရှောက်သူများနှင့် တာဝန်ကျနေသော ဝန်ထမ်းများအတွက် ဆေးရုံအုပ်ကြီး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်နှင့်အဖွဲ့၊

(၅) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှ ခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများအတွက် ယင်းလုပ်ငန်းခွင် အကြီးအမှူးနှင့်အဖွဲ့၊

(၆) ရဲစခန်းရှိ အချုပ်သားများအတွက် သက်ဆိုင်ရာရဲစခန်းမှူးနှင့်အဖွဲ့၊ အကျဉ်းထောင်ရှိ အချုပ်သားများအတွက် သက်ဆိုင်ရာထောင်ပိုင်နှင့်အဖွဲ့။

(င) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဆန္ဒမဲပေးခွင့်ရှိသည့် တပ်မတော်ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏မိသားစုဝင်များနှင့် မှီခိုသူများအတွက် မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) မိမိတို့နှင့်သက်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြေစိုက်လျက်ရှိသည့် တပ်ရင်း၊ တပ်ဖွဲ့၊ တပ်ဌာနချုပ်များ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့မိသားစုဝင်များနှင့် မှီခိုသူများ၏ အမည်များကို သက်ဆိုင်ရာတပ်မှူး၏ အကူအညီဖြင့် မဲစာရင်းတွင် ထည့်သွင်းခြင်း၊

(၂) သက်ဆိုင်ရာတပ်တွင်း၌ မနေဘဲ တပ်၏ပြင်ပ၌ နေထိုင်ကြသော တပ်မတော်ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်အတူ နေထိုင်ကြသည့် မိသားစုဝင်များနှင့် မှီခိုသူများ၏ အမည်များကို ယင်းတို့နေထိုင်ရာ ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်း၌ ထည့်သွင်းခြင်း။

၁၃။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းကို စစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ရမည်။ သို့ရာတွင် မဲစာရင်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ကိုရယူရမည်။

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) အရ ဖွဲ့စည်းထားသည့် အဖွဲ့များသည် မဲစာရင်းစစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများကဲ့သို့ ဆောင်ရွက်ရမည်။

(ဂ) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားလျှင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ ဖွဲ့စည်းထားသောအဖွဲ့အတွက် ကော်မရှင်ထံမှလည်းကောင်း၊ အခြားအဖွဲ့များအတွက် ယင်းတို့နှင့် သက်ဆိုင်သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း အတည်ပြုချက်ကိုရယူရမည်။ ကော်မရှင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၆)
ဆန္ဒမဲပေးခြင်း

၁၄။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ပြုစုသောမဲစာရင်း၌ ပါဝင်သူတိုင်းသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် မိမိ၏အမည်စာရင်းပါဝင်သည့် ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံ၌သာ ဆန္ဒမဲပေးရမည်။

၁၅။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် မဲရုံတိုင်းတွင် ဆန္ဒမဲပေးသူများ လွယ်ကူစွာဆန္ဒမဲပေးနိုင်ရေးအတွက် အများမြင်သာသည့်နေရာတွင် သတ်မှတ်ထားသောမဲပုံးကို ထားရှိရမည်။

၁၆။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်ကြိမ်သာ ကိုယ်တိုင်ဆန္ဒမဲ ပေးခွင့်ရှိသည်။

၁၇။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် မဲရုံမှူးထံမှသော်လည်းကောင်း၊ မဲရုံမှူးက တာဝန်လွှဲအပ်ထားသူထံမှသော်လည်းကောင်း ဆန္ဒမဲလက်မှတ်ကိုရယူ၍ မဲရုံအတွင်းရှိ သတ်မှတ်ထားသော နေရာတွင် လျှို့ဝှက်ဆန္ဒပြုပြီးနောက် မဲပုံးအတွင်းသို့ထည့်ရမည်။ ယင်းသို့ဆန္ဒပြုစဉ် ဆန္ဒမဲလက်မှတ် တစ်စုံတစ်ရာ ပျက်စီးသွားပါက ပယ်မဲမဖြစ်စေရေးအတွက် မဲရုံမှူး သို့မဟုတ် မဲရုံမှူးက တာဝန်လွှဲအပ်ထားသူထံမှ ဆန္ဒမဲလက်မှတ်အသစ်ကို ထပ်မံတောင်းယူ၍ ဆန္ဒမဲပေးနိုင်သည်။

၁၈။ အောက်ပါပုဂ္ဂိုလ်များသည် သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည် -

(က) နိုင်ငံခြားတွင် ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများ၊

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် မိမိနေထိုင်သော ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ ခရီးသွားရန်ရှိသော ဆန္ဒမဲပေးခွင့်ရှိသူများ၊

(ဂ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့အရ ဖွဲ့စည်းသော အဖွဲ့များက ပြုစုထားသည့် မဲဆန္ဒရှင်များ၊

(ဃ) သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသအတွင်း ရှိနေသော်လည်း အောက်ပါအကြောင်း တစ်ခုခုကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သူများ -

(၁) အနာကြီးရောဂါစွဲကပ်နေခြင်း၊

(၂) ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရခြင်း၊

(၃) အသက်အရွယ်ကြီးရင့်နေခြင်း၊

(၄) သားဖွားနေခြင်း၊

(၅) မသန်စွမ်းသူဖြစ်ခြင်း။

ဆက်လက်ဖော်ပြပါမည်။

အခန်းဆက်ဝတ္ထုရှည်

ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် အပတ်စဉ် (သောကြာနေ့)တိုင်း ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။

ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အားပိုမိုဆွဲဆောင်မှု ရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြ ပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)

ol , f ifi; vJ U

qufacrnf..cdkf

wuúdbk;Edkf

(၁) ဘဝတစ်လွှာ

ဘဝဟူသည်ကို သစ်ရွက်နှင့်ပမာပုံခိုင်း၍
နှိုင်းစတမ်းဆိုပါလျှင်
တစ်ရိုးတံမှာ အလွှာငယ် တစ်ဆယ်မကနှင့်
ကြွယ်လှသောစိန်ပန်းရွက်နှယ် ဘဝမျိုးလည်း
ရှိသည်။
တစ်ညာတွင် တစ်လွှာရှိ၍ ဤတစ်လွှာပင်
တစ်ရွက်မည်သော ညောင်ရွက်ကဲ့သို့ ဘဝမျိုး
လည်းရှိပါ၏။
ခိုင်နှင့် ကျွန်တော့်ဘဝမှာမူ . . .
နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်ရသည့် စွယ်တော်ရွက်
ပမာသာဖြစ်ခဲ့ရသည်။
တစ်လွှာကြွေခဲ့လေပြီမင့် တစ်ရွက်မမည်လေ့တော့သော
အထီးကျန် ဤဘဝဝယ် . . .

"ချစ်ရိပ်ပွင့်ကို
လုလင့်ဘာသာ
ပျူငှာဆန်းဆို
လွမ်းလိုလိုနှင့်
သံချိုမြမြ
နှမပြာဝင်း နေရစ်မင်းဟု . . ."

နှမပြာဝင်း နေရစ်မင်းဟု . . . နေရစ်မင်းဟု . . . နေရစ်မင်းဟု . . .

ကျွန်တော့်ရင်တွင် ဟိုတောင်ယံမှ ရိုက်ခတ်တုံ့ပြန်လာသော ဥသြငှက်၏ နွေတေးပမာ ဤကဗျာ၏

နောက်ဆုံးစာပိုဒ်များ ပဲ့တင်ထပ်နေသည်။

စာပေ၊ ကဗျာ၊ လင်္ကာကို မြတ်နိုးရကောင်းမှန်း . . . သိစ။ စာပေ၊ ကဗျာ၊ လင်္ကာကိုမြတ်နိုးရကောင်းမှန်း သိသော်လည်း စာပေ၊ လင်္ကာ၊ ကဗျာဆိုသည်မှာ သမုဒ္ဒယသစ္စာ အရင်းတည်၍ ဒုက္ခသစ္စာကြွင်းလေသည်သော ဘဝလမ်းဌာနေ၌ သောကဝဋ်ကြီး နှောင်ပတ်ချည်မိလေရာမှ ပေါက်ဖွားခြင်းကို ရှင်းလင်းမသိစဉ် သမယ . . . ဟိုစဉ်ကာလများကတည်းက "ရှင်အဂ္ဂသမာဓိ"၏ "နေမိဘုံခန်းပျို့"လာ ဤစာပိုဒ်များကို အကြောင်းမဲ့တ,သ အကြိမ်ကြိမ် နှုတ်မှ ခုံခုံမင်မင် စိတ်ကူးယဉ် ရေရွတ်ခဲ့ဖူးသည်။

ယခုမူ . . . နှုတ်မှ မရွတ်သာ။ ရင်မှာသာ ပဲ့တင်ထပ်ရသော ဤကဗျာသည် ခိုင့်အတွက် ဖြစ်ရပါလေပြီကော . . .။

"မောင့်ကို ခွင့်လွှတ်ပါလေ ခိုင်၊ နောင်ဘဝဆိုသည်လည်း ရှိပါစေ ခိုင် . . .။ ဘဝတို့ အကြိမ်ကြိမ်ပြန်လည်ဖွားမြောက်လေသော သံသရာဆိုသည်နှင့် သံသရာ၌ ပြန်လည်တွေ့ဆုံတတ်သော ရေစက်ဆိုသည်လည်းရှိပါစေ ခိုင် . . .။

သံသရာလမ်းဘုံဘဝ ကွန်းထောက်တစ်စခန်းမှာ ရေစက်အဟုန်ကြောင့် ခိုင်နှင့် မောင်ပြန်တွေ့ဆုံလျှင် . . . မောင့်ကို ခွင့်လွှတ်နိုင်ပါစေ ခိုင် . . ."

မရှိတော့ပြီဖြစ်၍ မကြားနိုင်လေသူတစ်ဦးကို စကားဆိုသူတစ်ဦးအား ရူးသွပ်သူဟု ဆိုကြပါလေ။ ဆိုကြစမ်းပါလေ။ ကျွန်တော်သည် ရူးသွပ်နေသူတစ်ဦး အမှန်ဖြစ်ပါ၏။ အကြောင်းမှာ အထက်ပါ ကျွန်တော့်စကားတို့ကို ချစ်လှစွာသော ခိုင်တစ်ယောက် မကြားနိုင်တော့ပါလေ . . .။ ကျွန်တော် မည်မျှကြားစေချင်ဦးတော့၊

ချစ်သောခိုင် မကြားနိုင်တော့ပါလေ။

ခိုင်မကြားနိုင်မှန်း သိလျက်နှင့် . . .

"နှမပြာဝင်း၊ နေရစ်မင်းဟု . . ." ဤစကားကို ကျွန်တော်နှုတ်မှ မရေရွတ်ရဲ ရေရွတ်ခဲ့သော် . . . မမြင်နိုင်သော တောင်လေရူးသည် မသိနိုင်သည့် နွေတိမ်ခိုးတို့ နောက်ဆွယ်ရှိ ဝိညာဉ်လောက၏ မှောင်ခိုးရိပ်မှ ဆိတ်ဆိတ်သုဉ်းသုဉ်းရပ်နေရလေရမည့် ခိုင့်ဆီ သယ်ဆောင်သွားသည် ဆိုပါအံ့။

ခိုင် အထင်မလွဲစေလိုပါ . . .။

"နှမပြာဝင်း၊ နေရစ်မင်း . . ."ဟု ကျွန်တော်မပြောရက်ပါ။ တတ်နိုင်လျှင် မပြောချင်ပါ။

နွေ၏ပင်အိုကို စွန့်ခွာမြေသက် လေထက်ပါလေသူ ရွက်ဝါတို့အား ပင်အိုသည် နှုတ်ဆက်စကား မဆိုနိုင်သကဲ့သို့ ကျွန်တော်လည်း မဆိုနိုင်ချင်ပါ။

ခက်သည်မှာ . . . ခိုင်သည် ရွက်ဝါမဟုတ်။ ကျွန်တော်သည်လည်း ပင်အိုမဟုတ်။

ကြုံရချက် နာသမျှမှာ . . . ရွက်ဝါနှင့် ပင်အိုပမာပင် မနှိုင်းသာခဲ့။ ပင်အိုအတွက်မူ ညိုသောရွက်တို့ ကြွေစင်လေလျှင် ပျိုသောရွက်တို့ ဝေလွှင်ပေမည်။

နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်ရသည့် စွယ်တော်ရွက်လျှင် တစ်လွှာကြွေခဲ့ပြီမို့ တစ်ရွက် မမည်လေ သကဲ့သို့ မပြည့်စုံတော့သော အထီးကျန် ဤဘဝဝယ် ဘယ်အချိန်ထိ ရပ်တည်နေရမှန်း မသိနိုင်သည့် ကျွန်တော်နှင့်စာလျှင် ပင်အိုသည် ကံကောင်းလေပါသည်။ ခံစားမှု မရှိ၍လည်း ပို၍ကံကောင်းလေပါသည်။

ခံစား စံစားမှုရှိသော သုံးပါးလောကဝယ် . . . ဒုလ္လဘဟူ၍ အမြင့်မြတ်ဆုံးဆိုသော အတိတ်ကိုလည်းမမေ့။ ပစ္စုပ္ပန်ကိုလည်းသိ။ အနာဂတ်ကိုလည်း ကြိုမြင်တတ်သော လူဖြစ်နေရသည့် ကျွန်တော်သည်သာ ကံအဆိုးဆုံး ဖြစ်နေရပါ၏။ လူတစ်ယောက်အနေနှင့် ပိုင်ဆိုင်ထားရသော ထက်မြက်သည့် အာရုံတရားတို့နှင့် ဥပါဒါန် ဖုတ်၊ တဏှာ ခိုအောင်းမှီတွယ်ရာ သက္ကာယဒိဋ္ဌိ မနောစိတ်ဂူ ငါစွဲဟူသည်တို့ကိုပင် မုန်းတီးရလေမည်လား မပြောတတ်။

"ပတ်ဝန်းကျင်ကိုလည်း မမြင်ချင်၊ မကြားချင်၊ မသိချင်ပါ ခိုင် . . .။ အတိတ်ဆိုတာကိုလည်း မေ့ချင်ပါသည် ခိုင် . . .။ ပစ္စုပ္ပန်မှာလည်း မောင်မပျော်ပါဘူးခိုင် . . .။ အနာဂတ်ဆိုတာကိုတော့ တွေးမိတိုင်း ကြောက်လန့်မိတယ် မိခိုင်ရယ် . . ."

မမြင်ချင်သော်လည်း ပတ်ဝန်းကျင်ကို ကျွန်တော် မြင်နေရသည်။

ကျွန်တော် မြင်နေရသော ပတ်ဝန်းကျင်မှာ လေငင်တိုင်း ရိုင်းရိုင်းသဲသဲ ဝဲဝဲလွင့်လွင့်၊ ဆင့်ဆင့် ဆက်ဆက် ကြွေသက်နေသော ရွက်ဝါရွှေ မြေခသည့် နွေလရက်ဆည်းဆာရိပ် ပြာရီရီတည်း။ ကျွန်တော်ရပ်တည်နေရာမှာ မြေပုံမှိုမှို့ အုတ်ဂူညို့ညို့တို့ဖြင့် မျို့အသရေ မရှိပါလေသော သင်္ချိုင်းမြေသာတည်း။

ရွက်ဝါဆိုသည်မှာ ဇာတ်လမ်းဆုံးခန်းတွင် လွမ်းတေးမဆိုဘဲ ငိုပွဲကို ဟန်အမူအရာဖြင့် သယ်ယူတတ်သည့် ရာသီ၏ ကချေသည်များသာဖြစ်ပါ၏။

ရာသီကချေသည်တို့၏ ငိုပွဲကို အသည်းကြွေလုဖြင့် ရှုမြင်နေရင်း ကျွန်တော်သည်သာ မငိုရဲပါ။

"ငိုချင်ပါရဲ့ ခိုင် . . .။ ဒါပေမယ့် ဆိတ်ငြိမ်တဲ့ ခိုင်ရဲ့ ဝိညာဉ်လောကဟာ မောင့်ရဲ့ ငိုရှိုက်သံတွေကြောင့် နှောင်းဘဝသောက ပဲ့တင်ချက်နဲ့ မပျက်စီးစေလိုဘူး မိခိုင် . ."

မိခိုင်တစ်ယောက် ဖြစ်ရာဘဝမှာ ငြိမ်းချမ်းနိုင်ပါစေ . . .။

"မောင့်ဘဝတော့ မငြိမ်းချမ်းနိုင်တော့ပါဘူး မိခိုင်ရယ် . . .။ မောင့်အပေါ် ခိုင် ချစ်သမျှ၊ ဖြစ်ခဲ့ရတဲ့ အကြောင်းကံဆိုးကို အပြုံးနဲ့ မုန်းမိလေသမျှ မောင့်ဘဝမှာ ငြိမ်းချမ်းရေးဆိုတာ မရှိနိုင်တော့ပါဘူး ခိုင်ရယ်"

သိလျက်နှင့်လေ၊ ချစ်ဝိပါက်ဟု ဆိုများ ဆိုကြပါစေ။ ကျွန်တော် ဖြစ်ရသည်မှာ ကြယ်ကြွေကို လည်ကာကောက်သည့် တစ်ယောက်သော သူရူးပမာသာ ဖြစ်ပါ၏။

ကျွန်တော် ရှာဖွေကောက်သော ကြယ်ကြွေများမှာ မရှိတော့ပြီဖြစ်သော အတိတ်ကာလမှ လွမ်းဆွတ် တမေ့ဖွယ်ရာများသာ ဖြစ်ပါ၏။

ခိုင်နှင့် ကျွန်တော် အတူကျင်လည်ခဲ့ရသည့် အတိတ်ကာလမှာ လွမ်းဆွတ်တမေ့ဖွယ်ရာများသာဖြစ်ပါ၏။

ဆက်လက်ဖော်ပြပါမည်။

(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်း ဖြစ်ပါသည်။)

အမြန်
ရောင်းမည်

-သုဝဏ္ဏ၊ VIP(1)၊ ပေ(၃၄×၁၂၀)၊ ဂရန်အမည်ပေါက်၊ RC(2)ထပ်၊ တိုက်သစ်။
-သန်လျင် GTC အနီး၊ ဥယျာဉ်ခြံမြေ၊ ရေ၊ မီး၊ သီးပင်စားပင်စုံ၊ အမည်ပေါက်၊ ပေ(၁၀၀×၂၀၀)။
Ph: 09-5110458,
09-421150455

အိမ်အမြန်ရောင်းမည်

(၃၄)ရပ်ကွက်၊ သရဖီလမ်းမကြီး၊ မ/ဒဂုံရှိ နှစ်ထပ်RC (40'x 60') အဆင့်မြင့်ဆောက်ထား ဂရန်အမည်ပေါက် (ညှိနှိုင်းဈေး)ပွဲစားမလိုပါ။
Ph:09-252363520,
09-254062887

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် e-Government လုပ်ငန်းများ အရှိန်အဟုန်မြင့်ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ ရုံးလုပ်ငန်းသုံး စက်ပစ္စည်း(၁)မျိုးနှင့် Software ရေးဆွဲခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) Online Registration, License & Certification အတွက် Server (1)Set

(ခ) Online Registration, License & Certification အတွက် Software ရေးဆွဲခြင်း

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာနစု၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၄၀၈၂၂၆၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန





သွေးသည်အသက်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်နေ ဦးထွန်းထွန်းဝမ်း(ခ) ဦးဝင်းမောင်-ဒေါ်မော်မော်ဆန်းတို့၏သား မောင်မောင်ဟန်[၉/အမဇ(နိုင်)၀၅၇၀၀၆]သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငင်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးထွန်းထွန်းဝမ်း(ခ) ဦးဝင်းမောင်-ဒေါ်မော်မော်ဆန်း

à at;at;ul(au;vufpD

တပို့တွဲလ၏ ရာသီခွင်မှာ ကုံရာသီဖြစ်ပါသည်။ ရာသီပွဲတော်မှာ (ထမနဲ) (ယာဂုပွဲ) မီးဖုန်းပွဲဖြစ်ပါသည်။ ကျွန်မတို့ မြန်မာနိုင်ငံ အနှံ့အပြားတွင် ထမနဲပွဲများကို အားသွန်ခွန်စိုက် ယှဉ်ပြိုင်ပွဲများ ကျင်းပနေချိန်တွင် တက္ကသိုလ်ဝင်တန်း (ဒသမတန်း)၊ အဌမတန်း၊ စတုတ္ထတန်း စာမေးပွဲနှင့်အခြား အတန်းတင်စာမေးပွဲများ ဖြေဆိုရန် ကျောင်းသား ကျောင်းသူများမှာလည်း အားသွန်ခွန်စိုက်ကြိုးစား ကျက်မှတ်နေသည့် အချိန်ဖြစ်ပေသည်။

မိမိဘဝတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်သည် ပညာဖြစ်ပါသည်။ ပညာဆိုသည့် မြတ်ရွှေအိုးကြီးကို မြန်မာစကားပုံတွင် ပညာရွှေအိုးလူမခိုးဟု ဆိုထားပေသည်။ ပညာ၏ အလင်းရောင်ဖြင့် ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်မည်ဖြစ်ပေသည်။ မိမိ၏ ရင်သွေးငယ်များကို ပညာ၏ အလင်းရောင် ထွန်းလင်းပေးရန်အတွက် အဓိက ပဲ့ကိုင်ရှင်များသည် မိဘများပင်ဖြစ်သဖြင့် မိမိရင်သွေးငယ်များကို သွန်သင်လမ်းညွှန်မှုသည် အလွန်အရေးကြီးပါသည်။

မိမိရင်သွေးငယ်များ တစ်နှစ်တစ်တန်း နှစ်ချင်းပေါက် စာမေးပွဲများ အောင်မြင်ရေးသည် မိဘတိုင်း၏ တူညီသော ဆန္ဒဖြစ်ပေသည်။ စာရေးသူ၏ ဖခင် လမ်းပြပေးသည့်နည်းလမ်းဖြင့် သင်ခန်းစာများကို လေ့လာကျက်မှတ်ခဲ့၍ တစ်နှစ်တစ်တန်း စာမေးပွဲအောင်မြင်ခဲ့သည့် လေ့လာပုံလေ့လာနည်းလေးကို ဝေမျှပေးချင်ပါသည်။

လေ့လာပုံလေ့လာနည်းမှာ –

(က) စာကိုနှုတ်တိုက်ကျက်ရုံမက ရေးပြီး ကျက်မှတ်ပါ၊
(ခ) ဘာသာရပ်အလိုက် ကျက်မှတ်ပြီးသည့်သင်ခန်းစာ တစ်ပုဒ်ပြီးတိုင်း အတိုချုပ် အချက်အလက်ကို မှတ်သားပါ၊
(ဂ) ဘာသာရပ်အလိုက် ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးညွှန်းတမ်းကို ကျေညက်အောင် ဖတ်ရှုလေ့လာပါ၊
(ဃ) မေးခွန်းဟောင်းများကို လေ့လာဖြေဆိုပါ၊
(င) အချိန်မှန်မှန် အိပ်၍ အချိန်မှန်မှန် စားပါ၊
(စ) ဆက်တိုက်စာကို မလေ့လာဘဲ ခေတ္တနား၍ မျက်စိအေးစေသည့်နေရာကို ကြည့်ရှုသင့်ပါသည်။ (အထူးသဖြင့် စိမ်းလန်းသောအပင်များ)
(ဆ) သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှု မဖြစ်မနေလုပ်ဆောင်ပါ၊
(ဇ) Internet, Tv Games များ ကြည့်ရှုကစားခြင်းသည် မိမိအတွက် အလဟဿ အချိန်ကုန် အကျိုးမရှိသဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချပါ၊

စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် အချိန်ကို အလဟဿ မဖြုန်းတီးဘဲ အကျိုးရှိစွာ အသုံးချပြီးမိမိဘဝအတွက်အရေးကြီးသည့် စာမေးပွဲများကိုအောင်မြင်စွာဖြေဆိုခြင်းဖြင့် တုနှိုင်းမရသော မိဘကျေးဇူးကို ဆပ်ရာရောက်ပါကြောင်း အကြံပြုရေးသားလိုက်ပါသည်။

ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာသင်ကျောင်းများတွင် ဆောင်ရွက်

မောက်မယ်၊ ဖေဖော်ဝါရီ ၁၂

လင်းခေးခရိုင် မောက်မယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပီကြာစန်းက ဦးဆောင်၍ ဖေဖော်ဝါရီ ၉ ရက်နံနက် ၉ နာရီခွဲက စဉ့်ဝင်ကျေးရွာအုပ်စု တင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများအတွက် ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင် ငှားရမ်းခြင်း၊ ဓာတ်ပုံပြပွဲများနှင့် နံရံကပ်စာစောင်ပြပွဲများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့မှ ကျောင်းသားများ အသိပညာဗဟုသုတပြည့်ဝစေပြီး စာအုပ်စာပေများ လက်လှမ်းမီစွာ အလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်စေရေးအတွက် ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်များငှားရမ်းပေးလျက်ရှိသည်။

အဆိုပါ နယ်လှည့်စာကြည့်တိုက်တွင် သုတ၊ ရသစာအုပ်များကို ကျေးလက်နေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့ကြပြီး ရက်သတ္တတစ်ပတ်ပြည့်လျှင်ပြန်လည်သိမ်းယူ၍ စာအုပ်အသစ်များဖြင့် အခမဲ့ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်

ပဲခူး၊ ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၇ နာရီခွဲက ရွှေသာလျောင်း လမ်းမကြီး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ကိုသားကြီး(ပဲခူး)







SIM CARD
ဝယ်မည်
၇၃- ၉၀၀၀၀
၄၉- ၁၆၀၀၀၀
၈၆- ၁၃၀၀၀၀
၅၀- ၁၈၀၀၀၀
ဖုန်း-၀၉ ၅၀၉၂၆၆၆၊ ၀၉-၇၃၀၂၆၀၀၀

ပြင်ဆင်ပြီးတိုက်ခန်း ရောင်းမည်
ဗညားဒလလမ်းပေါ်၊ ယုဇနပလာဇာအနီး၊ ပထမထပ်၊ (၁၂. ၅×၅၀) ပေ၊ သိန်း ၆၅၀
မင်္ဂလာဈေးအနီး၊ ၁၃၄ လမ်း၊ ဆိုင်ခန်းဖွင့်လှစ်နိုင်၊ မြေညီထပ်၊ (၁၂. ၅×၅၀) ပေ၊ သိန်း ၁၃၅၀
Ph:-၀၉-၂၅၀၅၇၁၅၇၁၊ ၀၉-၇၉၅၉၈၅၇၈၆၊ ၀၉ ၇၃၀၆၇၆၄၅၊ ၀၉-၅၁၄၇၃၄၇

ဆံပင်ညှပ်ကျွမ်းကျင်အလိုရှိသည်
အမျိုးသားသီးသန့်ဆိုင်အတွက်
-ဆံသဆရာ(ကျွမ်းကျင်) (၁)ဦး
-ဆံသလက်ထောက်(အကူ) (၁)ဦး
ဖုန်း-၀၉-၇၉၆၂၈၁၇၃၇၊ ၀၉-၇၉၈၄၀၂၂၅၄၊ ၀၉-၇၉၈၄၁၂၅၃၁

မြေကွက်ရောင်းရန်ရှိသည်
လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park အနီး၊
အကျယ် ပေ(၈၀×၈၀)၊ ဂရန်အမည်ပေါက်
မြေကွက်(၂)ကွက် ရောင်းရန်ရှိသည်။
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)
Ph: 09-252638246

ပရိယတ္တိ သဒ္ဓမ္မပါလ စာမေး-စာပြန်ပွဲတော် ကျင်းပ

လင်းခေး၊ ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်သံဃနာယကအဖွဲ့မှကြီးမှူး၍ (၃၃) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာမေး၊ စာပြန်ပွဲကို ဖေဖော်ဝါရီ ၈ ရက်နံနက် ၇ နာရီက လင်းခေးမြို့ မဟာဝိဟာရပရိယတ္တိစာသင်တိုက်ကျောင်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါစာပြန်ပွဲအား လင်းခေးမြို့နယ်လုံးဆိုင်ရာ သံဃနာယကအကျိုးတော်ဆောင်ဆရာတော် ဉူးကောသလအမှူးပြုသော ဆရာတော်များက မင်္ဂလာထီးဖြူတော်ဖွင့်လှစ်ပေးပြီးနောက် စာဖြေရဟန်း၊ သာမဏေများက ပရိယတ္တိ သဒ္ဓမ္မပါလစာပေဆိုင်ရာအာဂုံဆောင်ရွက်ဖတ်ဖြေဆိုခြင်းကို စတင်ခဲ့ကြပြီး ထိုနေ့မွန်းလွဲ ၁ နာရီ၌ အဆိုပါရေးဖြေစာပြန်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ စာမေးစာပြန်ပွဲတွင် လင်းခေးမြို့နယ်အတွင်းရှိ မြို့ပေါ်နှင့် ကျေးရွာအုပ်စုများရှိ ပရိယတ္တိစာသင်တိုက်ကျောင်းများမှ ပရိယတ္တိသဒ္ဓမ္မပါလ စာအာဂုံဆောင် (နှုတ်ဖြေ) တွင် သံဃာ ၁၁၂ ပါး၊ ရေးဖြေသံဃာ ၁၂၇ ပါးတို့ ဝင်ရောက်ဖြေဆိုကြပြီး ပွဲတော်အား တပို့တွဲလဆုတ် ၅ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါစာပြန်ပွဲဝင်သံဃာများမှာ ပထမလတန်းတွင်သုံးပါး၊ ပထမငယ်တန်းသုံးပါး၊ တတိယတန်းရှစ်ပါး၊ ဒုတိယတန်း ၁၀ ပါး၊ ပထမတန်း ၄၈ ပါး၊ ပထမတန်း(ပမ)တွင်သုံးပါးနှင့် မူလတန်း ၅၂ ပါးစုစုပေါင်းသံဃာ ၁၂၇ ပါးဖြစ်ကြောင်း၊ ဤပွဲအား နာယကဆရာတော်ခြောက်ပါး၊ စာစစ်သံဃာ ၃၀ ပါး၊ စာစစ်ကူ၊ စာမနှင့်စာထောက်သံဃာ ၁၆ ပါးတို့ကအမှူးပြုဦးဆောင်ကာ ကျင်းပခဲ့ကြောင်း လင်းခေးမြို့ မဟာဝိဟာရကျောင်းကြီးကျောင်း ပရိယတ္တိစာသင်တိုက်မှ ကျောင်းထိုင်ဆရာတော်က မြွက်ကြားခဲ့သည်။

ဆောင်းနှင်းလတ်(ပြန်/ဆက်)

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး မောက်မယ်မြို့နယ်တွင် စခန်းသွင်းလေ့ကျင့်

မောက်မယ်၊ ဖေဖော်ဝါရီ ၁၂

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက်အရည်အချင်းရှိသော ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းလာစေရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ညနေ ၆ မှ ည ၉ နာရီအထိ စခန်းသွင်းလေ့ကျင့်ပေးသည့်စာကျက်ဝိုင်း သင်ကြားပေးလျက်ရှိသည်။

အဆိုပါ စာကျက်ဝိုင်းသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နုနုလွင်နှင့် တာဝန်ရှိသူတို့က ဖေဖော်ဝါရီ ၉ ရက်က သွားရောက်၍ သင်ကြားပေးလျက်ရှိသောဆရာ၊ ဆရာမများကို ဘာသာရပ်အလိုက် လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးရမည့်ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အင်အားဖြည့်အစားအစာများ ထောက်ပံ့ပေးခဲ့သည်။

အလားတူ အဋ္ဌမတန်းဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများကိုလည်း အောင်ချက်မြင့်မားရေးအတွက် အထက်တန်းအုပ်ဆရာမကြီး ဒေါ်ချောစုခိုင်က မြို့လယ်ဓမ္မာရုံတွင်လည်းကောင်း၊ စတုတ္ထတန်းကို ကျောင်းအုပ်ဆရာမကြီးအိမ်တွင်လည်းကောင်း စခန်းသွင်းလေ့ကျင့် စာကျက်ဝိုင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(မမ၈)

စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ မွမ်းမံသင်တန်း ဝက်လက်၌ ဖွင့်လှစ်

ဝက်လက်၊ ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းကြီး၏ အထောက်အပံ့ဖြင့်ပြုလုပ်သော တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးစီမံချက် စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ မွမ်းမံသင်တန်းကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ဝက်လက်မြို့ မာဃိန္ဒာရာမစာသင်တိုက်အတွင်း၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းဖွင့်လှစ်ရခြင်းမှာ တီဘီရောဂါနှင့်ပတ်သက်၍ ရောဂါကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတို့အတွက် ပြည်သူလူထုအတွင်း ပညာပေးဟောပြောစည်းရုံးမှုများ ဆောင်ရွက်နိုင်စေရန်၊ တီဘီလူနာများ ဆောလျင်စွာရှာဖွေဖော်ထုတ်နိုင်စေရန်၊ တီဘီလူနာများအား စေတနာ့ဝန်ထမ်းအဖြစ် ဆေးတိုက်ကျွေးသူများအဖြစ် ဆောင်ရွက်နိုင်ရန်၊ ရောဂါအကြောင်း ကျန်းမာရေးပညာပေးခြင်းဖြင့် ပြည်သူများသိရှိလိုက်နာဆောင်ရွက်တတ်စေရန် ရည်ရွယ်ကြောင်း သိရသည်။ သင်တန်းတွင် ကျေးရွာများ စေတနာ့ဝန်ထမ်းသင်တန်းသား၃၂ ဦးတက်ရောက်ခဲ့ကာ သင်တန်းသားများက ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နန်းမြင့်(ဝက်လက်)

ကျေးလက်လူငယ် စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဆင်း

တောင်သာ၊ ဖေဖော်ဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးဆင့်ပွားသင်တန်းအမှတ်စဉ်(၄/၂၀၁၅) ဆင်းပွဲကို ဇဂျမ်းကျေးရွာတွင် ဖေဖော်ဝါရီ ၈ ရက် ညနေ ၄ နာရီတွင် ကျင်းပခဲ့သည်။

သင်းတန်းဆင်းပွဲတွင် မြို့နယ်ဦးစီးမှူးဦးအောင်ကြည်မြင့်က သင်းတန်းဆင်းလက်မှတ်များချီးမြှင့်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ကိုယ်စားလှယ်တစ်ဦးစီတို့က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား လက်ခံရယူခဲ့သည်။

ယင်းသင်တန်းကို ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းသား ၅၅၀ ပို့ချပေးရန်လျာထားကာ သင်တန်းကာလမှာ သုံးရက်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၀၀ တက်ရောက်ခဲ့ကြောင်းနှင့် ပြီးခဲ့သည့် သင်တန်းအမှတ်စဉ် (၁) ကို တောင်သာမြို့တွင်ပြုလုပ်ခဲ့ပြီး သင်တန်းသားဦးရေ ၁၅၀ တက်ရောက်ခဲ့သည်။

ထို့ပြင် အမှတ်စဉ် (၂) ကို ဝဲလောင်ကျေးရွာတွင်ပြုလုပ်၍ သင်တန်းသား ၁၀၀ ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၃) တမိုက်သာကျေးရွာတွင် သင်တန်းသား ၁၀၀ ဖြင့်လည်းကောင်း စုစုပေါင်း သင်တန်းသား ၄၅၀ အား သင်တန်းများပို့ချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သင်တန်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနပေါ်ပေါက်လာပုံ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ လမ်း၊ တံတား၊ ရေနှင့်မီးလင်းရေးဘာသာရပ်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်မွေးမြူရေး (နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ)၊ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်မွေးမြူနိုင်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်နည်းများ၊ စားကျက်နှင့်အာဟာရဗေဒ၊ စီးပွားဖြစ်မွေးမြူရေးအခြေခံဘာသာရပ်၊ ငါးလုပ်ငန်းဦးစီးဌာနမှ တစ်ပိုင်တစ်နိုင်စီးပွားဖြစ်မွေးမြူရေး၊ အခြေခံရေချိုငါးမွေးမြူရေးနှင့် ငါးသားဖောက်ပညာဘာသာရပ်များကို သင်ကြားပေးခဲ့သည်။

သင်တန်းတွင် မြို့နယ်အတွင်းရှိ တာဝန်ရှိသူများက ဘာသာရပ်အလိုက် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

သင့်သွေးဖြင့် အသက်ကယ်ပါ

Diamond Land Car Rental
ကားမျိုးစုံရသည်။
ဖုန်း-၀၉-၂၅၃၄၃၇၂၅၈၊ ၀၉-၉၇၂၀၅၇၄၈၁



၂၉-၁-၂၀၁၅ရက် ကြေးမုံသတင်းစာပါ အများသိစေရန်ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ကြေးမုံဝင်း (ကျင်းစန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ)၏ ညွှန်ကြားချက်အရ လူကြီးမင်းတို့၏ ဇန်နဝါရီကိုကို ကုမ္ပဏီလီမိတက်နှင့် ကျွန်ုပ်မိတ်ဆွေကျင်းစန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုသော ၁၈-၁၁-၂၀၁၃ ရက်နေ့ စွဲပါ အကျိုးတူရင်းနှီးမြှုပ်နှံမှု စာချုပ်အား လူကြီးမင်းတို့ဘက်မှ ပျယ်ပြယ်ကြောင်းတစ်ဖက်သတ် ကြေညာချက်အပေါ် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လူကြီးမင်းတို့၏ ဇန်နဝါရီကိုကိုကုမ္ပဏီလီမိတက်နှင့် ကျွန်ုပ်မိတ်ဆွေ ကျင်းစန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်တို့နှစ်ဦးသဘောတူ အကျိုးတူရင်းနှီးမြှုပ်နှံမှုစာချုပ်ပါ ပဋိညာဉ်မှာ ပျက်ပြယ်ခြင်းမရှိပါ။ အဆိုပါ ပဋိညာဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ လူကြီးမင်းတို့၏ ဇန်နဝါရီကိုကိုကုမ္ပဏီလီမိတက်သာဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့ ကျင်းစန်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်ထံသို့ လူကြီးမင်းမှ ပဋိညာဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပေးပါရန်နှင့် ထိုသို့ လိုက်နာခြင်းမရှိပါက ကျွန်ုပ်တို့နစ်နာဆုံးရှုံးမှုမှန်သမျှနှင့် ဖြစ်ပေါ်လာသမျှ အကျိုးဆက်အားလုံးတို့သည် လူကြီးမင်း၏ ဇန်နဝါရီကိုကိုကုမ္ပဏီလီမိတက်၏ တာဝန်သာဖြစ်ပါကြောင်း အသိပေးကြေညာချက်ထုတ်ပြန်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အုန်းအုန်းတင့် **(LL.B)**
အထက်တန်းရှေ့နေ (စဉ်-၂၃၉၅၆)
အမှတ်(၅၀၁)၊ ရော(၂)လမ်း၊ (ဈ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၁၅၄၇၀၃

ပြောင်းလဲခေါ်ဆိုပါရန်

ဒေါ်တင်တင်လင်း [၁၂/မဂဒ(နိုင်)၁၀၁၈၇၃]၏သားဖြစ်သူ မင်္ဂလာဒုံ အ. ထ. က(၁)၊ Grade-7,(C)၌ ပညာသင်ကြားနေသော မောင်နေလွင်ထွဋ်အား မောင်ဘုန်းမြတ်မောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဘုန်းမြတ်မောင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ဒေါ်နီနီ	နှင့်	ဦးဟုတ်ရင်
(တရားလို)		(တရားပြိုင်)

အထက်ပါအမှုမှ တရားပြိုင် ဦးဟုတ်ရင် အမှတ်(၁၄၅/ခ)၊ ဇေယျာ(၆)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရိပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် တရားရုံးတော်၏ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ရက်(၁၃၇၆ခုနှစ်၊ တပေါင်းလဆန်း ၃ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်ထုချေတင်ပြလိုသော စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။(သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သဇင်စိုး)
ဒုတိယမြို့နယ်တရားသူကြီး(၁)
တောင်ဥက္ကလာပမြို့နယ်တရားရုံး

HND Diploma ပြည်တွင်း၌ တက်ရောက်နိုင်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၂

အင်္ဂလန်နိုင်ငံ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သည့် Pearson Edexcelနှင့် မြန်မာနိုင်ငံရှိ GUSTO နည်းပညာကျောင်းတို့ ပူးပေါင်း၍ နိုင်ငံတကာအသိအမှတ်ပြု HND Diploma in Computing ကို ပြည်တွင်း၌ပင် တက်ရောက်နိုင်မည် ဖြစ်ကြောင်းသိရသည်။

"HND Diploma အတွက် ပညာအရည်အချင်း လိုအပ်ချက်အနေနဲ့ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများက အခြေခံမှတစ်ဆင့်တက်ရောက်နိုင်ပြီး တက္ကသိုလ် ဒုတိယနှစ်နှင့် အထက်ရှိသူများက မိမိနဲ့ ကိုက်ညီတဲ့ Levelကနေ စတင်တက်ရောက်နိုင်ပါတယ်။

သင်ကြားရေးအပိုင်းမှာ ဆိုရင် တကယ်လုပ်ငန်းခွင်နဲ့နီးစပ်တဲ့ Assignment တွေနဲ့ စစ်ဆေးသင်ကြားပေးတယ်။ HND Diploma ရရှိပြီးသွားတဲ့ ကျောင်းသားတွေအတွက် ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာနည်းပညာကုမ္ပဏီကြီးတွေမှာ Web Developer, Database Developer, Project Manager, Network Engineer, Designer ရာထူးများနဲ့ တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်ပါတယ်" ဟု GUSTO နည်းပညာကျောင်းမှ ဒေါက်တာဦးသိန်းရွှေက ပြောကြားခဲ့သည်။

အဆိုပါ ဒီပလိုမာသည် အင်္ဂလန်အစိုးရ ချမှတ်ထားသောQuafition Credit Framework(QCF)အဆင့် ၅ရှိသည့် ဒီပလိုမာ ဖြစ်ပြီး အင်္ဂလန်တက္ကသိုလ်ဒုတိယနှစ်နှင့် ညီမျှကြောင်းသိရသည်။ထို ပြင် အဆိုပါ ဒီပလိုမာကို ဘွဲ့Degree ရသည်အထိ တက်လိုသူများအနေဖြင့် ပြည်တွင်း၌ပင်တက်ရောက် နိုင်မည်ဖြစ်သည်။

ထိုသင်တန်းကို GUSTO နည်းပညာကျောင်းမှ ယခု ၂၀၁၅ခုနှစ် မတ်လပိုင်းတွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။ **ရှင်းပြည့်**

ငွေဆောင်မြို့ မီးဘေးကာကွယ်ရေးအတွက် မီးသတ်ယာဉ်နှစ်စီး ပေးအပ်

ငွေဆောင်၊ ဖေဖော်ဝါရီ ၁၂

ငွေဆောင်မြို့သို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ခွဲဝေချထားပေးသည့် မီးသတ်ယဉ်နှစ်စီး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကိုဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ငွေဆောင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပုသိမ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဌေးလွင်နှင့် ငွေဆောင်မြို့ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် မြို့ပေါ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့သည်။

မီးသတ်ဦးစီးအရာရှိ ဦးဌေးလွင်က ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယဉ်တစ်စီးဂါလန် ၄၅၀ ဆံ့ မီးသတ်ယဉ်နှင့် ဆက်စပ်ပစ္စည်းတို့ကို လွှဲပြောင်းပေးအပ်ရာ မြို့ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌဦးစိုးသိန်းက လက်ခံရယူခဲ့သည်။

ဆက်လက်၍ မီးသတ်ကားနှစ်စီးအား စမ်းသပ်မောင်းနှင်ခြင်းနှင့် ကိုင်တွယ်အသုံးပြုရန် နည်းစနစ်များကို ငွေဆောင်မြို့ အရန်မီးသတ်တပ်ဖွဲ့အား မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

မူမူ(ပြန်/ဆက်)

ရေစကြိုမြို့နယ် မိုးကွဲကျေးရွာတွင် ဇီဝိတပါလဆေးခန်းနှင့် ပြည်တော်သာ တံတားဖွင့်ပွဲအခမ်းအနား ကျင်းပ

ရေစကြို၊ ဖေဖော်ဝါရီ

မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ဒေါက်တာအရှင်အာဒိစ္စ ဦးဆောင်၍ လူငယ်များ စာရိတ္တမြင့်မားရေး ပညာပေးအထောက်အကူပြုအဖွဲ့ (ဘေးဇရိယာ အမေရိကန်)နှင့် ဆရာတော်၏ ဒါယကာ၊ ဒါယိကာမတို့၏ လှူဒါန်းမှုစေတနာဖြင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မိုးကွဲကျေးရွာတွင် ဆောက်လုပ်လှူဒါန်းသော ဇီဝိတပါလ ဆေးခန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်တွင် ကျင်းပခဲ့သည်။

ယင်းနေ့နံနက်ပိုင်းတွင်လည်း အဆိုပါ မိုးကွဲကျေးရွာတွင် နိုင်ငံတော်အစိုးရ၏ လှူဒါန်းမှု ကျေးရွာပြည်သူများ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် ဆောက်လုပ်ပြီးသော ပြည်တော်သာတံတားဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

ကျေးလက်ပြည်သူများ၏ ကျန်းမာရေးအတွက် အားကိုးအားထားရာ ဇီဝိတပါလ ဆေးခန်းမှာ ပေ (၃၃×၂၃×၁၂) RC တစ်ထပ် သွပ်မိုး၊ သမံတလင်းခင်း၊ မှန်ပြတင်း၊ မျက်နှာကြက်ပါ အဆောက်အအုံ အပြင် ရေ၊ မီး အပြည့်အစုံ ရေလောင်းအိမ်သာများပါဝင်ပြီး ကျပ် ၂၄၂ သိန်း အကုန်အကျခံ ဆောက်လုပ်ထားကြောင်း သိရသည်။

ထို့ပြင်ပြည်တော်သာကျေးရွာချင်းဆက်တံတားမှာ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေ ၄၅ သိန်းနှင့် ပြည်သူထည့်ဝင်ငွေ ၁၂၆ သိန်းဖြင့် တည်ဆောက်ခဲ့သော တံတားဖြစ်ကြောင်း သိရသည်။

ဆေးခန်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းမှ ဒေါက်တာဦးစုလေးနှင့် ဆရာဝန်၊ သူနာပြုများက မိုးကွဲ၊ မိုးဖြူ၊ ချင်းယား၊ ဘုန်းတော်ပြည့် စသည့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူ ၂၆၇ ဦးတို့အား အခမဲ့ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ဖေထွဏ်းဇော် (ရေစကြို)

မိုးရာသီအတွင်း ရေစီးကောင်းမွန်စေရေးဆောင်ရွက်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေါပုံမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ပြည်သူများမိုးရာသီတွင် ရေဝပ်ရေလျှံမရှိစေရေးဆောင်ရွက်ပေးလျက်ရှိရာ ရန်အောင်မြစ်ထွက်ပေါက်အား ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားဖြင့် ချဲ့ထွင်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရန်အောင်မြစ်ထွက်ပေါက်မှာ သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ဖြတ်သန်းစီးဆင်းလာပြီး ပုဇွန်တောင်ချောင်းအတွင်းသို့ စီးဝင်ကြောင်းသိရသည်။

"ဒီမြစ်ထွက်ပေါက်က သာကေတမြို့နယ် ၃/ ရန်ပြေ ၃/မာန်ပြေ ရပ်ကွက်တွေကနေပြီး ဖြတ်စီးလာတာ ဒေါပုံမင်းနန္ဒာလမ်းမကြီးကိုဖြတ်ပြီး ဗိုလ်ထွန်းဇံ ရပ်ကွက်မှတစ်ဆင့် ပုဇွန်တောင်ချောင်းထဲကို စီးဝင်စေပြီး မြို့နယ်နှစ်ခုလုံးအတွက် အကျိုးရှိစေမှာဖြစ်ပါတယ်" ဟု ဒေါပုံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးရှိန်ဝင်းက ရှင်းပြသည်။ **၁၉၇**

ငွေဆောင်ကမ်းခြေ သာယာလှပရေးဆောင်ရွက်

ငွေဆောင်၊ ဖေဖော်ဝါရီ ၁၂

နှစ်စဉ် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ဝင်ရောက်မှုအများဆုံး ကမ်းခြေများတွင် တစ်ခုဖြစ်သော ငွေဆောင်ကမ်းခြေ သန့်ရှင်းသာယာလှပရေးအတွက် ဖေဖော်ဝါရီ ၈ ရက် နံနက် ၇နာရီကငွေဆောင်မြို့ရှိဌာနဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဟိုတယ်ဇုန်များမှစုပေါင်း၍ ကမ်းခြေတစ်လျှောက် အမှိုက်ကောက်ခြင်းနှင့် ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ကမ်းခြေရှိဈေးသည်များအား စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **မူမူ(ပြန်/ဆက်)**

ကျေးရွာမီးလင်းရေး ဆိုလာမီးများတပ်ဆင်

ကလေး၊ ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျွန်းချောင်းကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးများတပ်ဆင်ပေးနေမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မျိုးတို့သည် ဖေဖော်ဝါရီ ၉ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးများကို ကျွန်းချောင်းကျေးရွာ အိမ်ခြေ ၄၉ လုံးအတွက် နိုင်ငံတော် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ၉၈ သိန်းဖြင့် Bright Green Angelsကုမ္ပဏီမှ တာဝန်ယူတပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(လင်းလက်ကြယ်စင်)**

oCef;ul&ef;wdkk&efazmfwnfqmuf

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၂

သယ်န်းကျွန်းမြို့နယ်ရှိပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဗို့အားပြည့်ဝစွာသုံးစွဲရရှိရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောသူရ၊ လက်ထောက်အင်ဂျင်နီယာ ဦးဝေဖြိုးအောင်နှင့် အင်ဂျင်နီယာလိုင်းဝန်ထမ်းများက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုထရန်စဖော်မာ ၃၂ လုံးအနက် ဇဝနရပ်ကွက်၊ ဇဝနလမ်းတွင် ၃၁၅ KVA ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်း၊ ၁၀ မီတာကွန်ကရစ်ကျောက်တိုင်ခြောက်တိုင်စိုက်ထူခြင်းနှင့် ၆ ဒသမ ၆ KV ဓာတ်အားလိုင်းခြောက်ခန်းတို့အား Aerial Bundle Cable Cover ကြိုးများဖြင့် ဆွဲသားခြင်းတို့ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၉ ရက်တွင် ၃၂ လုံးမြောက်ထရန်စဖော်မာအား ဓာတ်အားလွှတ်ပေးခဲ့ကြောင်း သိရသည်။ **မွှေးမွှေး(သယ်န်းကျွန်း)**

မြေဆီလွှာတိုးတက်ကောင်းမွန်ရေး နွေထယ်ရေးခံ ထုံးထည့်ခြင်း နည်းပညာလက်တွေ့သရုပ်ပြပွဲ ကျင်းပ

ကျိုက်ထို၊ ဖေဖော်ဝါရီ ၁၂

ကျိုက်ထိုမြို့နယ်တွင် မြေဆီလွှာတိုးတက်ကောင်းမွန်ရေး နွေထယ်ရေးခံထုံးထည့်ခြင်း နည်းပညာသရုပ်ပြပွဲကို ဖက္ကလိပ်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၃၉ (ခ) ဦးပိုင် ၂၁ လယ်ဧရိယာ ဧက ၁၀ ဧကတွင် ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈ နာရီ က ကျင်းပခဲ့သည်။

အဆိုပါ သရုပ်ပြပွဲတွင် ပညာပေးလုပ်ငန်းများအား တောင်သူများမှ စိတ်ပါဝင်စားစွာ လက်တွေ့လိုက်နာကျင့်သုံးခြင်းကြောင့် မိမိတို့၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ ကောင်းစွာအထောက်အကူရနိုင်သဖြင့် စနစ်တကျဆောင်ရွက်သွားရန် လိုကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

ခရိုင်စိုက်ပျိုးရေးဦးစီးအရာရှိက မြေချဉ်တွင် ထုံးထည့်သော နည်းပညာအဆင့်ဆင့်တွင် မြေဆီလွှာ၏ ချဉ်ငန်ကိန်းတိုင်းတာပုံနှင့် သီးနှံပင်အကြိုက် မြေဆီလွှာ အချဉ်အငန်ဓာတ်များအကြောင်းတို့ကို လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မြေချဉ်မြေငန်ဖြစ်ပေါ်သောအကြောင်းရင်းနှင့် မြေချဉ်မြေငန်ကြောင့်ဖြစ်ပေါ်သော ဆိုးကျိုးများ နွေထယ်ရေးခံခြင်းကြောင့် ရရှိသော အကျိုးကျေးဇူးများကို ကျေးရွာအုပ်စုနှစ်စုမှ ပြပွဲတက်ရောက်သူတောင်သူ ၁၅၀ ခန့်အား ပညာပေးလင်းရှင်းဆွေးနွေးပြသခဲ့သည်။

ထို့နောက် တောင်သူများ စိုက်ပျိုးရေးနည်းပညာအသိ မြင့်မားလာစေရေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းမော် (ပြန်/ဆက်)**

လူကုန်ကူးခံရမှု အများစုမှာ ရှမ်းပြည်နယ်မှ ဖြစ်သည်ဟုဆို

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၂

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် မြန်မာတစ်နိုင်ငံလုံး၌ လူကုန်ကူးခံရမှုဖြစ်ပွားမှု အမှုပေါင်း ၇ မှု၊ လူကုန်ကူးခံရသူပေါင်း ၂၃ ဦးပါဝင်ပြီး အဓမ္မလက်ထပ်စေခိုင်းမှု ၆ ဦး ဖြင့် လူကုန်ကူးခံရကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြည်တွင်းရှိ နေရာဒေသအနှံ့အပြား၌ လူကုန်ကူးမှုများဖြစ်ပွားလျက်ရှိပြီး ဦးတည်သည့်နိုင်ငံများမှာ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံတို့သို့ဖြစ်ကြောင်း အများဆုံးဖြစ်ပွားသည့် လူကုန်ကူးခံရမှုမှာ အတင်းအဓမ္မလက်ထပ်စေခိုင်းမှုဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ လူကုန်ကူးခံရမှုပေါင်း ၁၂၄ မှု ရှိပြီး ၃၁၈ ဦး လူကုန်ကူးခံရကြောင်း လူကုန်ကူးခံရသည့် အဖြစ်အများဆုံးဒေသမှာ ရှမ်းပြည်နယ်မှ ၅၆ ဦးဖြစ်ပြီး အများဆုံးလူကုန်ကူးပြီး ပို့သည့်နိုင်ငံမှာ တရုတ်နိုင်ငံသို့ လူ ၇၇ ဦး၊ ထိုင်းနိုင်ငံသို့ ၁၈ ဦး၊ မလေးရှားနိုင်ငံသို့ သုံးဦး၊ အဓမ္မခိုင်းစေမှု၊ ပြည့်တန်ဆာမှုနှင့် အခြားစပ်ဆက်အမှုများပါဝင်ခဲ့ကြောင်း သက်ဆိုင်ရာကိန်းဂဏန်းများအရ သိရသည်။

ထိုအမှုများထဲတွင် ကလေး ၃၁ ဦး၊ လူငယ် ၃၀ ဦး၊ လူကြီး ၂၄၇ ဦးရှိပြီး အဓမ္မမွေးစားမှု တစ်မှုဖြစ်ပွားခဲ့ကာ ကယားပြည်နယ်နှင့် ချင်းပြည်နယ်မှအပ နေပြည်တော်အပါအဝင် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူကုန်ကူးခံရမှုများ ဖြစ်ပွား၍ အမှုများပေါ်ပေါက်လာကြောင်း လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

လူကုန်ကူးခြင်းကို တားဆီးရာတွင် တစ်နိုင်ငံတည်းဖြင့် တားဆီးမရနိုင်ဘဲ၊ အိမ်နီးချင်းနိုင်ငံများကပါ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း JICA မှ တာဝန်ခံတစ်ဦးက ပြောကြားသည်။ လူကုန်ကူးမှုသည် ကြီးလေးသောပြစ်ဒဏ်ဖြစ်ပြီး ကလေးငယ်များနှင့် အမျိုးသမီးများကို လူကုန်ကူးမှုပေါ်ပေါက်ပါက ဥပဒေအရ ထောင်ဒဏ် ၅ နှစ်မှ ၁၀ နှစ်အထိလည်းကောင်း၊ ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်ဖြင့်လည်းကောင်း ပြစ်ဒဏ်ပေးနိုင်ကြောင်း ဖော်ပြထားသည်။ **(သန့်ဇင်ဝင်း)**





အင်းလေးဟိုတယ်ဇုန်တွင် မြေကွက်ဝယ်ယူခွင့်မဲပေါက်ထားသူများ သိရှိစေရန် ကြေညာချက်

၄-၂-၂၀၁၅ ရက်တွင် ပြုလုပ်သော ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅) ဆုံးဖြတ်ချက်နှင့် ၅-၂-၂၀၁၅ ရက်တွင် ပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁-၂/၂၀၁၅) ဆုံးဖြတ်ချက်တို့အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ ဟိုတယ်ဇုန်တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် မြေကွက်ဝယ်ယူခွင့် မဲပေါက်ထားသူများအား ငွေအပြေအကျေပေးသွင်းရန် အကြိမ်ကြိမ် အကြောင်းကြားခဲ့သော်လည်း ငွေပေးသွင်းရန်ကျန်ရှိနေသည့် လုပ်ငန်းရှင်များ ၆-၃-၂၀၁၅ ရက် နောက်ဆုံးထားပြီး ပေးသွင်းသွားရန်။

၂။ မြေကွက်တန်ဖိုး လုံးဝပေးသွင်းခြင်းမရှိသည့် မြေနေရာ (၄)နေရာအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းပြီး ဖြစ်ပါသည်။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထားပြီး ငွေအပြေအကျေပေးသွင်းရန် လုပ်ငန်းရှင်များအားလုံး သိရှိလက်ခံထားပြီးဖြစ်ပါသည်။ ၇-၃-၂၀၁၅ ရက်မှစ၍ ငွေပေးသွင်းရန် ကျန်ရှိသည့် မြေကွက်များအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြေနေရာချထားရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၂/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-143(14-15)	Spares for Kenworth Oil Field Truck (14)Items	US$
(၂)	IFB-144(14-15)	1500 Series Well Head Equipment & Accessories (2)Sets	US$
(၃)	IFB-145(14-15)	Spares for Down Hole Equipments (8)Items	US$
(၄)	IFB-146(14-15)	273KW Gas Engine Driven Generating Set (1)Set	US$
(၅)	DMP/L-030(14-15)	Portable Fire Pump with Engine and Fire Assembly (3)Lots	Ks
(၆)	DMP/L-031(14-15)	33 KV GCB Complete Set and 33 KV Current Transformer (2) Items	Ks
(၇)	DMP/L-032(14-15)	Motor for SAFE and Intermech Compressor (2)Nos	Ks
(၈)	DMP/L-033(14-15)	185mm^2, 4 Core, XLPE Cable (50)Meter	Ks
(၉)	DMP/L-034(14-15)	SAE 15W 40 Diesel Engine Oil (API-CF4) (1)Lot	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၃-၂၀၁၅ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆



အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်

အင်းတော်၊ ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာတွင် ၂၄ နာရီမီးလင်းရေးအတွက် ကွန်ကရစ်မီးတိုင်များစိုက်ထူခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၈ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာမှာ အိမ်ခြေ ၂၆၄ အိမ်နဲ့ လူဦးရေ ၁၆၃၀ ရှိပြီး ရွာအတွင်းနေထိုင်ကြတဲ့ လူတန်းစားအသီးသီး ဆင်းရဲချမ်းသာမရွေး ၂၄ နာရီ လျှပ်စစ်မီးရရှိနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ တစ်အိမ်ကို ငါးသိန်း၊ သုံးသိန်းခွဲ၊ နှစ်သိန်းဆိုပြီး ငွေကြေးများခွဲကာ ကောက်ခံလျက်ရှိပါတယ်။ မီးလင်းရေးကော်မတီကိုလည်း ဖွဲ့စည်းပေးထားပါတယ်" ဟု နတ်မဟုတ်ကလေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်ဖေက ပြောကြားသည်။

ကျေးရွာအတွင်း မီးလင်းရေးအတွက် ဖေဖော်ဝါရီ လဆန်းပိုင်းအထိ ကျပ် ၃၈၅ သိန်းရရှိနေပြီဖြစ်ပြီး ယင်းငွေကြေးထဲမှ စစ်ကိုင်းမြို့ မန်ပိန်းကုမ္ပဏီမှ နတ်မဟုတ်ကလေးကျေးရွာအရောက် ၉ မီတာ မီးတိုင်အား တစ်လုံးလျှင် ၁၂၀၀၀၀ ကျပ်ဖြင့် ကွန်ကရစ်မီးတိုင် ၁၅၀ ဝယ်ယူခဲ့ရာ မီးတိုင်များ ရွာသို့ရောက်ရှိလာပြီဖြစ်သောကြောင့် မြို့နယ်လျှပ်စစ်ကျွမ်းကျင်သူများနှင့် ရွာသားများပူးပေါင်းပြီး အေးချမ်းသာယာ ရပ်ကွက်တွင် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ကွန်ကရစ် မီးတိုင်များစိုက်ထူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အောက်ကျင်း၊ ဉယျာဉ်စု၊ ကန်ကုန်း၊ ရွာသစ်ကုန်း၊ ရွာမ စသောရပ်ကွက်များကိုလည်း မီးတိုင်များစိုက်ထူပေးသွားမည်ဖြစ်ပြီး ငွေကြေးကောက်ခံရရှိမှုပေါ်မူတည်၍ ကြွေသီး၊ တန်း၊ မီးသီးတို့ကိုလည်း ဆက်လက်ဝယ်ယူကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဖေက ပြောကြားသည်။

အဆိုပါကျေးရွာမှာ အင်းတော်-မန်လည်ဒေသသို့ ဆက်သွယ်ပေးထားသော 11 KV ဓာတ်အားလိုင်းမှ ချိတ်ဆက်နိုင်ရန်လျာထားပြီး ရွာအတွင်း 160 KVA နှင့် 200 KVA ထရန်စဖော်မာနှစ်လုံး တပ်ဆင်ပေးမှာဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဌာနမှ သိရသည်။

မောင်ချစ်လင်း

စံပြကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ဆိတ်ဖြူ၊ ဖေဖော်ဝါရီ ၁၂

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် (၆၈) နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ဆိပ်ဖြူမြို့ပေါ် အနောက်ပိုင်းရပ်ကွက်ရှိ စံပြလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီ စံပြကတ္တရာလမ်းသစ်ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

စံပြကတ္တရာလမ်းသစ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၏ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေကျပ် ၂၆ သန်းဖြင့် ဖောက်လုပ်ပေးသောလမ်းဖြစ်ကြောင်း၊ ယင်းလမ်းသည် မြို့ပေါ်ရပ်ကွက်တွင် အများပြည်သူသွားလာရာအဓိကလမ်းဖြစ်ပြီး ရာသီမရွေးသွားလာနိုင်သောလမ်းဖြစ်ကြောင်း သိရသည်။

အဆိုပါစံပြကတ္တရာလမ်းသစ်သည် အနောက်ပိုင်းရပ်ကွက်တွင်တည်ရှိပြီး မေတ္တာလမ်း၊ သစ္စာလမ်း၊ စေတနာလမ်းနှင့် ရတနာလမ်းများအားဆက်သွယ်ထားသော ရပ်ကွက်လမ်းတစ်လမ်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၂၆ သန်းဖြင့် ဖောက်လုပ်သောလမ်းတစ်လမ်းဖြစ်ပြီး လမ်းအရှည်မှာ ၁၈၃၇ ပေ၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းဒု ၁၀ ဒသမ ၅ လက်မဖြစ်ကြောင်းသိရသည်။

စိုးလင်းနိုင်(ပြန်/ဆက်)

ရိုးသားသောစည်ပင်ဝန်ထမ်းဂုဏ်ပြု

တောင်ကြီး ဖေဖော်ဝါရီ ၁၂

တောင်ကြီးမြို့ မြို့မဈေးအတွင်းရှိ ပန်းသဇင်ရွှေဆိုင်မှ ဖေဖော်ဝါရီ ၇ ရက် ညနေပိုင်းတွင် အလေးချိန် ၁၅ ကျပ်သားခန့်ရှိ ရွှေထုပ်အားမှားယွင်းပြီး အမှိုက်ပုံးအတွင်းစွန့်ပစ်ခဲ့ရာ စည်ပင်ဝန်ထမ်းများမှလည်း အမှိုက်များအားလုံးအား သိမ်းဆည်းပြီး ညနေပိုင်းတွင် သတ်မှတ်ထားသော အမှိုက်ကျင်းအသစ်သို့ စွန့်ပစ်ခဲ့သည်။

အဆိုပါ ပစ္စည်းပျောက် ဆုံးကြောင်း ဖေဖော်ဝါရီ ၉ ရက်မှ သတင်းပို့သဖြင့် ဈေးတာဝန်ခံ ဦးခင်အေး၊ အမှိုက်သိမ်းယာဉ်မောင်း ဦးနိုင်လင်းစိုးမှ အဆိုပါအမှိုက်စွန့်ပစ်သည့်နေရာတွင် လိုက်လံရှာဖွေခဲ့ရာ ၁၀ ရက်နေ့ နံနက် ၁၁ နာရီခန့်တွင် ရွှေထုပ်အား ပြန်လည်ရှာဖွေတွေ့ရှိပြီး ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်နိုင်ခဲ့သည်။

အဆိုပါ ဝန်ထမ်းနှစ်ဦး၏ ရိုးသားမှုကို ဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီရုံး၊ အစည်းအဝေးခန်းမတွင် ပန်းသဇင်ရွှေဆိုင်ပိုင်ရှင် ဦးခွန်ဝင်းဇော်ထွန်းမှ ဂုဏ်ပြုဆုငွေများလာရောက်ပေးအပ်ပြီး ရိုးသားမှုအတွက် ဂုဏ်ပြုခဲ့ကြောင်းနှင့်တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီမှလည်း တစ်ဆင့်မြင့်ရာထူးအတွက် ဆက်လက်ထောက်ခံတင်ပြပေးခဲ့ကြောင်း သတင်းရရှိသည်။

နိုင်ထွန်း(TGI)

ရမည်းသင်း၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် သီးကုန်း-ပင်းစု(မ)-ပင်းစု(တ)-ပွဲစည် မြေသားလမ်းဖွင့်လှစ်

ရမည်းသင်း၊ ဖေဖော်ဝါရီ ၁၂

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော သီးကုန်း-ပင်းစု (မ)-ပင်းစု (တ)-ပွဲစည် မြေသားလမ်း ၅ မိုင် လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲအချိန်က ယင်းလမ်းသစ်မုခ်ဦး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းမှာ အရှည် ၅ မိုင်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၂၄ သန်းဖြင့် တင်ဒါရ Design Mandalay Co., Ltd. က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းလမ်းသစ်ဖောက်လုပ်ပြီးစီးခြင်းကြောင့် သီးကုန်းရွာ၊ ပင်းစု (မ-တ)၊ ပွဲစည်ရွာ၊ မြို့လှရွာ အစရှိသောကျေးရွာများမှ ဒေသခံပြည်သူတို့အတွက် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးအစရှိသောကဏ္ဍများအတွက် များစွာအထောက်အကူပြုပြီး ကုန်စည်စီးဆင်းမှုမှာလည်း ယခင်ကထက် မြန်ဆန်လာမည်ဖြစ်သောကြောင့် များစွာအကျိုးပြုကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကိုညွန့် KO NYAN

MEC

MYANMAR EDUCATION CENTRE

ကိုယ်ပိုင်ကျောင်း

4 Skills

ကျောက်ပန်းတောင်း ဟင်းခွက်အိုင်ကျေးရွာ၌ စက်ရေတွင်းဖွင့်ပွဲကျင်းပ

ကျောက်ပန်းတောင်း၊ ဖေဖော်ဝါရီ ၁၂

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကိုမန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ဟင်းခွက်အိုင်ကျေးရွာတွင် ကျင်းပခဲ့သည်။

အဆိုပါ စက်ရေတွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ၁၈ သန်းဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ် ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးခဲ့ကြောင်းသိရသည်။

တွင်းအမျိုးအစားမှာ လေးလက်မပိုက်အမျိုးအစားဖြစ်၍ တွင်းအနက်ပေ ၅၀၀ ရှိပြီး ရေထွက်နှုန်းမှာ တစ်နာရီရေဂါလန် ၃၀၀၀ ထွက်ရှိကြောင်း သိရသည်။

ထို့ပြင် စက်ရေတွင်းလုပ်ငန်းတွင် 25 HP,15-KVA အင်ဂျင်/ဒိုင်နမို၊ 5.5HP,3.7KW ရေမြုပ်ပန့်နှင့် 10'× 8'×8' ရေစက်ရုံအပါအဝင် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်ပါ တစ်ပါတည်းဆောက်လုပ်ပေးခြင်းဖြစ်သဖြင့် လာမည့် နွေရာသီတွင် ဟင်းခွက်အိုင်ကျေးရွာရှိ အိမ်ထောင်စု ၂၃၄ စုရှိ လူဦးရေ ၉၅၅ ဦးအတွက် အကျိုးပြုနိုင်မည်ဖြစ်သည်။

ယင်းဖွင့်ပွဲသို့ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် ၂ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

တစ်နာရီလျှင် ရေဂါလန် ၁၈၀၀ ထွက်သည့် စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

မလှိုင် ၊ ဖေဖော်ဝါရီ ၁၂

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ အုပ်စု သရက္ကန်ကျေးရွာတွင် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က စက်ရေတွင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး SilverMarkCo.,Ltd မန်နေဂျင်းဒါရိုက်တာဦးဇော်ဘိုကျော်က စက်ရေတွင်းနှင့် ပတ်သက်သည့် စာရွက်၊စာတမ်းများကိုပေးအပ်ခဲ့သည်။

အဆိုပါ ဖွင့်လှစ်ခဲ့သော စက်ရေတွင်းမှာ အနက်ပေ ၂၀၀ ရှိ(4"PVC) တွင်း အမျိုးစားဖြစ်ပြီး ရေစက်ရုံတစ်ခု၊ ရေဂါလန် ၁၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တစ်ခုအပါဝင် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၅ ဒသမ ၇ သန်း ဖြင့် Silver Mark Co.,Ltd မှ တင်ဒါရယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းစက်ရေတွင်းမှာ တစ်နာရီလျှင် ရေဂါလန် ၁၈၀၀ ထွက်ရှိပြီး ရေချိုများရရှိသဖြင့် သရက္ကန်ကျေးရွာရှိ အိမ်ခြေ ၆၃ အိမ်မှ လူဦးရေ ၂၁၃ ဦးမှာ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိနေပြီဖြစ်သည်။

မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသတွင်သန့်ရှင်းသော သောက်သုံးရေ ဖူလုံစေရန်အတွက် စက်ရေတွင်းတွင်းတိမ်သုံးတွင်း၊ တွင်းနက် ရှစ်တွင်း စုစုပေါင်း ၁၁ တွင်း တူးဖော်ပေးခဲ့ကြောင်း သိရသည်။

အောင်ဒွေး(မလှိုင်)

